# အသစ်ရောက်လာသူအတွက် လမ်းညွှန်

(A Newcomer’s Guide)

## စတာလင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကြိုဆိုပါသည်။

(Welcome to the City of Stirling)



# နိဒါန်း

စတာလင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကြိုဆိုပါသည်။ ဤ အသစ်ရောက်လာသူအတွက် လမ်းညွှန် သည် စတာလင်မြို့နယ်ကို လာရောက်အခြေချသူများ၏ မျိုးမတူ၊ကွဲပြားခြားနားသော လိုအပ်ချက်များ ဖြည့်ဆည်းရာတွင် ကူညီပံ့ပိုးမှုဖြစ်စေရန်အတွက် ဖော်ထုတ်ထားပါသည်။ အထောက်အကူဖြစ်ပြီး ဒေသနှင့်ဆိုင်သည့် သိကောင်းစရာ အချက်အလက်များ ပံ့ပိုးပေးခြင်းမှတဆင့် ဤလမ်းညွှန်စာစောင်သည် အသစ်ရောက်လာသူများအား ဝန်ဆောင်မှုများကို ရယူအသုံးပြုနိုင်ခြင်း၊ အထောက်အပံ့၊ ပစ္စည်းပစ္စယများကို အကျိုးရှိရှိ အသုံးချခြင်းနှင့် ဒေသခံ လူမှုအဖွဲ့အစည်းနှင့် ပြည်သူများ၏ဘဝတွင် ဝင်ဆံ့စေခြင်းတို့တွင် အကူအညီဖြစ်စေပါမည်။ ဤလမ်းညွှန်စာစောင်သည် ကျန်းမာရေး၊ ကိုယ်တွေ့ကြုံခဲ့သူများ၏ ဖြစ်ရပ်မှန်များနှင့် ပညာရေး၊ အလုပ်အကိုင်နှင့် သယ်ယူပို့ဆောင်ရေး ကိစ္စရပ်များအပါအဝင် အရေးကြီးသော ကဏ္ဍများကိုလည်း အသားပေးဖော်ပြထားပါသည်။

# မာတိကာ


**အခန်း ၁။ အသစ်ရောက်လာသူများအား စတာလင် မြို့တော် စည်ပင်သာယာရေးအဖွဲ့မှ ကြိုဆိုခြင်း ................1**

နယူနီဂါ ကျေးလက်ဒေသမှ ကြိုဆိုပါသည် ................2

မြို့တော်ဝန်၏ နှုတ်ခွန်းဆက် ................4

စတာလင်မြို့နယ်အကြောင်း ................5

မြေပုံ - စတာလင်မြို့တော် ................5

**အခန်း ၂။ နေထိုင်သော ပြည်သူများ ................7**

ဒေသခံ အက်ဘော်ရစ်ဂျင်နယ် သက်ကြီးဝါကြီးများနှင့် ရင်းနှီးစွာ စကားစမြည်ပြောခြင်း ................9

မိသားစုလိုက် ရင်းနှီးဖော်ရွေစွာ ဆက်ဆံတတ်သော လူမှုအဖွဲ့အစည်းများ ................10

သင် အခြေချပြီး တိုးတက်ကြီးပွားရန်အတွက် လူမှုအဖွဲ့အစည်း၏ အကူအ ................12

လူငယ်များ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ခြင်း ................14

**အခန်း ၃။ အခြေချနေထိုင်ခြင်းနှင့် လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခြင်း ................17**

အလုပ်အကိုင်ရရှိရေး၏ လမ်းစအဖြစ် စေတနာ့ဝန်ထမ်း လုပ်အားပေးခြင်း ................18

သင့်လူမှုအဖွဲ့အစည်းတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း ................20

တရားဥပဒေနှင့် သင့်ရပိုင်ခွင့်များကို နားလည်သဘောပေါက်ခြင်း ................22



City of Stirling
City of Choice

**Administration Centre** 25 Cedric Street Stirling WA 6021

**တယ်လီဖုန်း** (08) 9205 8555 | **အီးမေးလ်** stirling@stirling.wa.gov.au | **ဝက်ဘ်ဆိုက်** www.stirling.wa.gov.au | /citystirlingwa

ဤအချက်လက်များကို အခြားစီစဉ်ဖွဲ့စည်းမှု ပုံစံများဖြင့်လည်း တောင်းယူရရှိနိုင်ပါသည်။ ကျေးဇူးပြု၍ စတာလင်မြို့တော် ဝန်ဆောင်မှုယူသူများ ဆက်သွယ်ရန်ဌာန (Stirling Customer Contact Centre) ကို (08) 9205 8555 တွင် ဆက်သွယ်ပါ။

အခန်း ၁

# အသစ်ရောက်လာသူများအား စတာလင်မြို့တော်သို့ ကြိုဆိုလက်ခံခြင်း

## (Welcoming Newcomers to the City of Stirling)

*စတာလင်မြို့မှာ ကျမတို့ ပင်လယ်ကမ်းခြေရှိတယ်၊ သစ်ပင်အုပ်တွေနဲ့ ဥယျာဉ်တွေရှိတယ်၊ အားလုံး ဒီစတာလင်မြို့မှာရှိတာမို့ ကျမတို့ တကယ်ကို ကံကောင်းကြပါတယ်။ ဒီတော့လေ ကောင်းတာတွေ အမျိုးစုံရောနှောနေတဲ့ စတာလင်မြို့က လက်ကမ်းပေးထားတာတွေမှာ ပါဝင်ကြည့်လိုက်ပါ။*

**ဝါဟီဒါ စာမီမ် (Wahida Samim)**၊ မူလက အာဖဂန်နစ္စတန်က ဒုက္ခသည်၊ ယခု တိုးတက်အောင်မြင်နေသော တက္ကသိုလ်ကျောင်းသူ ဖြစ်ပါသည်။

# နယူန်ဂါ ကျေးလက်ဒေသမှ ကြိုဆိုပါသည်။
# (Welcome to Nyoongar Country)



အက်ဘောရစ်ဂျင်နယ် သက်ကြီးဝါကြီး ဒူလန်-လေရှာ အိ(တ်)စ် (Doolann-Leisha Eatts) သည် ၁၉၃၉ ခုနှစ်တွင် ဘာဂျာလင်းဂ် သာသနာပြုစခန်း (Badjaling Mission) တွင် မွေးဖွားခဲ့သော လေးစားဂုဏ်ယူဖွယ် ဝဲ့ဂျာ့ခ် ဘာလာဒေါန်ဂ် နယူန်ဂါ (Wadjak Ballardong Nyoongar) သက်ကြီးဝါကြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့ယနေ့ရပ်တည်ရာမြေကို ရိုးရာအရ ပိုင်ဆိုင်သူနှင့် ထိန်းသိမ်းစောင့်ရှောက်သူအဖြစ် ဒေါ်အိ(တ်)စ် နှင့် မိသားစုသည် ယဉ်ကျေးမှုဆိုင်ရာ ပညာရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ ပံ့ပိုးမှုအစီအစဉ်များ မှတဆင့် ဒေသခံ လူမှုအဖွဲ့အစည်းတွင် နှစ်ပေါင်းများစွာတိုင်အောင် ကြိုးစားအားထုတ်ခဲ့ကြပါသည်။ ခင်ပွန်းဖြစ်သူ ဝေါ်လ်တာ (Walter) နှင့်အတူ ဒေါ်အိ(တ်)စ်သည် စတာလင်မြို့ရှိ ဂွဲလ်အပ်(ပ်) ရေကန် (Lake Gwelup) မှနေ၍ ဝဲ့ဂျာ့ခ် နယူန်ဂါ ကျေးလက်ဒေသသို့ လာရောက်ရန်နှင့် ဒေသရှိ အက်ဘောရစ်ဂျင်နယ် အရပ်များနှင့် ယဉ်ကျေးမှုအကြောင်း ရင်းနှီးစွာ စကားစမြည်ပြောရန် လူတိုင်းကို ဖိတ်ခေါ် ကြိုဆိုနေပါသည်။

## ကျေးလက်ဒေသမှ ကြိုဆိုပါသည်။
## (Welcome to Country)

ကျမက အလယ်ပိုင်း ဂျုံစိုက်ပျိုးရာဒေသမှာရှိတဲ့ ပဲ့သ်နဲ့ ဘာလာဒေါင်ဂ်နယ်မြေက ဝဲ့ဂျာ့ခ် ဘီဘူလ်မူ(န်) မူးရို နယူန်ဂါ (Wadjak Bibbulmun Mooro Nyoongar) မျိုးနွယ် သက်ကြီးဝါကြီး ဒူးလန်(န်)လေရှာ အိ(တ်)စ် (Doolann-Leisha Eatts) ဖြစ်ပါတယ်။ ကျမရဲ့ ခင်ပွန်းဖြစ်သူ ဝေါ်လ်တာ (Walter) နဲ့အတူ ရှင်တို့အားလုံးကို ကျမတို့ရဲ့ သာယာလှပတဲ့ဒေသကို လာရောက်ကြဖို့ ဖိတ်ခေါ်ကြိုဆိုပါတယ်။ ကျမတို့ရဲ့ နယ်မြေက သက်ကြီးဝါကြီးအနေနဲ့ရော ထိန်းသိမ်းစောင့်ရှောက်သူများအနေနဲ့ပါ ကျမတို့က ရှင်တို့အားလုံးအတွက် ဆုတောင်းပတ္တနာပြုပါတယ်။ ဘုရားသခင်က ဝဲ့ဂျာ့ခ် နယူန်ဂါ (Wadjak Nyoongar) နယ်မြေမှရှိနေတဲ့ ကျမတို့အားလုံးကို ကောင်းချီးမင်္ဂလာ ပေးပါစေ၊ ကျေးဇူးတင်ပါတယ်။

## အသစ်ရောက်လာသူများကို ကြိုဆိုခြင်း
## (Welcoming newcomers)

ဩစတြေးလျားနိုင်ငံဟာ သာယာလှပတဲ့နိုင်ငံဖြစ်ပြီး ရောက်လာနေထိုင်သူ အားလုံးအတွက် ဖြစ်ပါတယ်။ တကယ်လို့များ သူတို့ဟာ ကျွန်ုပ်တို့ရဲ့နယ်မြေရယ်၊ ဒီမြေရဲ့ အလှအပနဲ့ လွတ်လပ်မှုတွေကို အက်ဘော်ရစ်ဂျင်နယ်လူမျိုးတွေရဲ့ အမြင်နဲ့ ကြည့်မယ်ဆိုခဲ့ရင် အက်ဘော်ရစ်ဂျင်နယ်လူမျိုးတွေကို မျိုးနွယ်စဉ်ဆက် လက်ဆင့်ကမ်းပေးခဲ့ကြတဲ့ အဖိုးမဖြတ်နိုင်တဲ့ရတနာကို တွေ့နိုင်မှာ ဖြစ်ပါတယ်။ သင်တို့အားလုံးကို ကျွန်ုပ်တို့ရဲ့ သာယာလှပတဲ့ဒေသကိုလာဖို့ လက်ကမ်းကြိုဆိုပါတယ်၊ သင်တို့အတွက် ကျွန်ုပ်တို့က ဆုတောင်းပတ္တနာလည်း ပြုပါတယ်။

## အိပ်မက်ကမ္ဘာနှင့် နယူန်ဂါ ယဉ်ကျေးမှု (The Dreaming and Nyoongar culture)

ကျမတို့ရဲ့ ရှေးလူကြီးသူမများဟာ အိပ်မက်ကမ္ဘာ အတွေးလောကမှာ နေခဲ့ကြပါတယ်။ ရှေးပဝေသဏီကာလမှ လူကြီးသူမတွေရဲ့ အချိန်ကစပြီး ကျမတို့ (နယူန်ဂါ) [Nyoongar] မျိုးနွယ်ရဲ့ ကျင့်ထုံးဥပဒေများ၊ လုပ်ထုံးလုပ်နည်း နဲ့ ကျင့်ဝတ်များနဲ့ သွားလာနေထိုင်ပုံတို့ ဆင်းသက်လာပါတယ်။ ဒီမြေ (ဒေသ) ကို ထိန်းသိမ်းကြည့်ရှုခြင်းနဲ့ စောင့်ရှောက်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များဟာ မျိုးနွယ်စဉ်ဆက် လက်ဆင့်ကမ်းခဲ့ကြပြီး ယနေ့ထက်တိုင် ကျင့်သုံးနေဆဲဖြစ်ပါတယ်။ ဒီမြေပေါ်မှာ ကျမတို့ရဲ့ မိဘဘိုးဘွားများ ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်ခဲ့ကြပါတယ်။ ကျမတို့ရဲ့ နယ်မြေဟာ ကျမတို့ နယူန်ဂါမျိုးနွယ်တို့ရဲ့ စိတ်သဏ္ဍာန်ထဲဝယ် ကိန်းအောင်းနေပါတယ်။ ကျမတို့ရဲ့ နှလုံးသားများ၊ ဝိညာဉ်များနဲ့ ကျမတို့ရဲ့ အသက်ခန္ဓာတို့ဟာ ကျမတို့ရဲ့ မြေဝယ် တည်ရှိနေပါတယ်။ ဒီမြေသည်ပင် ကျမတို့ရဲ့ အသက်ဖြစ်ပြီး ကျမတို့ဟာ ဒီမြေနဲ့ ဆက်စပ်နေပါတယ်၊ ကျမတို့ရဲ့ ဝိညာဉ်သည် ဒီမြေမှာ ရှိပါတယ်။

## နယူန်ဂါမိသားစုနှင့် သွေးသားတော်စပ်မှု
## (Nyoongar family and kinship)

ကျမတို့ရဲ့ အက်ဘော်ရစ်ဂျင်နယ် နေထိုင်မှုဘဝ၊ ကျမတို့ရဲ့ မိသားစုများ၊ ကျမတို့ရဲ့ သားစဉ်မြေးဆက်နဲ့ ကျမတို့ရဲ့ သွေးသားတော်စပ်မှုများဟာ တစ်ခုနဲ့တစ်ခု နွယ်ယှက်နေပါတယ်။ (နယူန်ဂါ) [Nyoongar] မိသားစု ဖွဲ့စည်းပုံကပင် ကျမတို့မျိုးနွယ်နဲ့ ကျင့်ဝတ်စည်းကမ်းများကို ဒီမြေပေါ်မှာ နှစ်ပေါင်းထောင်ချီအောင် ဆက်လက် တည်မြဲနေစေပါတယ်။ ကျမရဲ့တူမများနဲ့ တူများအတွက်ဆိုရင် ကျမဟာ သူတို့ရဲ့ မိခင်ဖြစ်ပြီး အမေလို့ခေါ်သလို အမေလိုလည်း လေးစားပါတယ်။ သူတို့ရဲ့ ကလေးများအတွက်တော့ ကျမဟာ သူတို့ရဲ့ နာန်း (Nan) ဖြစ်ပြီး ကျမကိုလည်း အထူး လေးစားကြပါတယ်။ ကျမက သူတို့ကိုခေါ်လိုက်ရင် ချက်ခြင်းလာကြပြီး ကျမပြောတာကို နားစိုက်ထောင်ကြပါတယ်။ ဒါကြောင့် မိသားစုဘဝက အလွန် အရေးကြီးပြီး လေးစားမှုမှစတင် ဖန်တီးယူရပါတယ်။ ကျမတို့ရဲ့ ကလေးများကို ဒီနည်းနဲ့ ဆုံးမသွန်သင် မြေတောင်မြှောက်ပေးပါတယ်။

# စတာလင်မြို့တော် စည်ပင်သာယာရေးအဖွဲ့၏ အသိအမှတ်ပြုလွှာ

စတာလင်မြို့တော် စည်ပင်သာယာရေးအဖွဲ့က ဤမြေကို ပိုင်ဆိုင်ထိန်းသိမ်း စောင့်ရှောက်သူများ၊ နယူန်ဂါ (Nyoongar) နယ်မြေမှ ဝါ့ဂျက် (Wadjak) မျိုးနွယ်စုများကို အသိအမှတ်ပြုပြီး ရှေးယခင်က ရှိခဲ့သော နယူန်ဂါမျိုးနွယ်စု လူကြီးသူမများနှင့် လက်ရှိ လူကြီးသူမများကို လေးစားစွာ ဂါရဝပြုပါသည်။ ဩစတြေးလျားနိုင်ငံသည် ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ကြာဆုံး သက်ရှိယဉ်ကျေးမှု တည်ရှိရာနေရာဖြစ်ပါသည်။ စတာလင်မြို့သည် ဝါ့ဂျက်မျိုးနွယ်တို့ နှစ်ပေါင်း ၄၀,၀၀၀ ကျော်တိုင် နေထိုင်ခဲ့ကြသော ဒေသမှာ တည်ရှိပါသည်။ ဝါ့ဂျက်ဘာသာစကားသည် ဩစတြေးလျားနိုင်ငံ အနောက်ပိုင်း ပြည်နယ်၏ အနောက်တောင်အရပ်ကို ခြုံလွှမ်းနေထိုင်သည့် နယူန်ဂါနယ်မြေမှ ဘာသာစကားအုပ်စု ၁၄ ခုထဲမှ တစ်ခုဖြစ်ပါသည်။

## စတာလင်မြို့တော် နယ်နိမိတ်အတွင်းရှိ အက်ဘော်ရစ်ဂျင်နယ် နေရာအမည်များနှင့် အဓိပ္ပါယ်များ



# မြို့တော်ဝန်၏ နှုတ်ခွန်းဆက်
# (Greetings from the Mayor)



စတာလင်မြို့တော်နှင့် ဒေသခံ လူမှုအဖွဲ့အစည်းတို့၏ ကိုယ်စား ကျွန်ုပ်အနေနှင့် အသစ်ရောက်ရှိလာသူအားလုံးကို စတာလင်မြို့တော်မှ ကြိုဆိုပါသည်။ သင်တို့ စတာလင်မြို့တွင် အခြေချနေထိုင်ရန် ရွေးချယ်သည့်အတွက် ကျွန်ုပ်တို့ အထူးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။

စတာလင်မြို့သည် ဩစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ်တွင် မျိုးမတူ ကွဲပြားခြားနားမှု အများဆုံးနှင့် ယဉ်ကျေးမှုအရ ထူးကဲကြွယ်ဝသော ဒေသခံအစိုးရ တည်ရှိရာနေရာဖြစ်ပါသည်။

ပြီးခဲ့သောဆယ်စုနှစ်အတွင်း မြို့တော်၏လူဦးရေမှာ ၅၀,၀၀၀ ခန့် တိုးလာပါသည်။ ၎င်းသည် ပျမ်းမျှအားဖြင့် စတာလင်မြို့တွင် ပြီးခဲ့သော ၁၀ နှစ်အတွင်း နေ့စဉ် လာရောက်နေထိုင်ရန် ရွေးချယ်သူ ၁၄ ဦးနှင့် ညီမျှပါသည်။ မြို့တော်၏ ၃၈ ရာခိုင်နှုန်းခန့်သည် ပြည်ပတွင်မွေးဖွားခဲ့ပြီး နေထိုင်သူ ၂၇ ရာခိုင်နှုန်းကျော်က မိမိတို့အိမ်တွင် အင်္ဂလိပ်စကားမဟုတ်သော ဘာသာစကားကို ပြောကြပါသည်။

လူမှုအဖွဲ့အစည်းအသစ်တွင် အခြေချနေထိုင်ရန် အချိန်အနည်းငယ် လိုအပ်သည်ကို ကျွန်ုပ်တို့ နားလည်ပါသည်။ သို့သော် မြို့တော် စည်ပင်သာယာရေးအဖွဲ့က အသစ်ရောက်လာသူအားလုံးကို ကြိုဆိုကြောင်း၊ ထိတွေ့ဆက်သွယ်ကြောင်းနှင့် တန်ဖိုးထား လေးစားကြောင်း သိရှိခံစားနိုင်စေရန် ရည်ရွယ်ပါသည်။ အသစ်ရောက်လာသူများ စတာလင်တွင် အခြေချနေထိုင်ရန်အတွက် ကူညီပံ့ပိုးရန် ဒေသတွင်း ဝန်ဆောင်မှုများ၊ အထောက်အပံ့၊ ပစ္စည်းပစ္စယများနှင့် အဆောက်အဦနှင့်ရင်းမြစ်များ ရှိနေပါသည်။ ကျွန်ုပ်တို့အနေနှင့် ဤ အသစ်ရောက်လာသူများအတွက် လမ်းညွှန် (Newcomer's Guide) က သင်တို့အား စတာလင်မြို့တွင် အဆက်အသွယ်ပြုရန်၊ တိုးတက်အောင်မြင်ရန်နှင့် အခြေချရန် အကူအညီဖြစ်စေမည်ဟု မျှော်လင့်ပါသည်၊ ကျွန်ုပ်တို့၏ ဒေသလူမှုအဖွဲ့အစည်းကို လာရောက် ပူးပေါင်းသည့်အတွက်လည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ စတာလင်မြို့တော်မှ သင်တို့ကို ကြိုဆိုပါသည်။!



**ကောင်စီဝင် မာ့ခ် အာဝင်န် (Councillor Mark Irwin)**
မြို့တော်ဝန် (Mayor)



# စတာလင်မြို့အကြောင်း

ဖွံ့ဖြိုးတိုးတက်နေသော လူဦးရေ ၂၁၉,၀၀၀ ကျော်နှင့် မြေဧရိယာစုစုပေါင်း ၁၀၀ စတုရန်းကီလိုမီတာဖြင့် စတာလင်မြို့သည် ဩစတြေးလျားနိုင်ငံ အနောက်ပိုင်းဒေသ၏ ဒေသခံ အစိုးရရုံးစိုက်ရာ နေရာများထဲမှ အဓိကနေရာတစ်ခု ဖြစ်ပါသည်။ မြို့သည် ပါ့သ်မြို့တော်၏ မြို့လယ်မှ မြောက်ဘက် ၁၀ ကီလိုမီတာအကွာတွင် တည်ရှိပါသည်။ စတာလင်မြို့ကို ရပ်ကွက် ၇ ခုခွဲထားပြီး တစ်ခုစီတွင် ကောင်စီဝင် နှစ်ဦးစီ ရှိကြသည်။ စတာလင်မြို့တော် စည်ပင်သာယာရေးအဖွဲ့က မိမိမြို့တော်တွင် နေထိုင်သူများအတွက် စာကြည့်တိုက်များ၊ အပန်းဖြေနေရာများ၊ လူမှုအဖွဲ့အစည်းဆိုင်ရာ ဝန်ဆောင်မှုများ၊ လုံခြုံရေးနှင့် စွန့်ပစ်ပစ္စည်း ထိန်းသိမ်းမှု အပါအဝင် ဝန်ဆောင်မှု အမျိုးမျိုး ပံ့ပိုးဆောင်ရွက်ပေးပါသည်။

မြို့တော်အနေနှင့် ယဉ်ကျေးမှုအရ မျိုးမတူ ကွဲပြားခြားနားသော လူမှုအဖွဲ့အစည်းရှိခြင်းနှင့် မီတင်းနေထိုင်သူများအတွက် အဆင့်မြင့်ဝန်ဆောင်မှုများ၊ အဆောက်အအုံ၊ ပစ္စည်းအမျိုးမျိုး ရင်းမြစ်များနှင့် စာကြည့်တိုက်များ၊ ရုပ်ရှင်ရုံများနှင့် စျေးဆိုင်များ စသည့်သာယာလှပမှုများ စဉ်ဆက်မပြတ် တသမတ်တည်း ဆောင်ရွက်ပေးနိုင်ခြင်းအတွက် ဂုဏ်ယူပါသည်။

၂၀၁၆ ခုနှစ် လူဦးရေစာရင်းအရ မြို့တော်နေလူဦးရေ၏ သုံးပုံတစ်ပုံ (၃၈ ရာခိုင်နှုန်း) သည် နိုင်ငံရပ်ခြားတွင်မွေးဖွားခဲ့ပြီး လေးပုံတစ်ပုံ (၂၇ ရာခိုင်နှုန်း) သည် မိမိတို့အိမ်တွင် အင်္ဂလိပ်စကားမဟုတ်သော ဘာသာစကားကို ပြောကြကြောင်း တွေ့ရပါသည်။ လူဦးရေစာရင်းအရ မြို့တော်၏ လူဦးရေ တစ်ရာခိုင်နှုန်းမှာ အက်ဘော်ရစ်ဂျင်နယ် ဩစတြေးလျန်းများဖြစ်ကြောင်း ရေတွက်သိရှိရပါသည်။



## စတာလင်မြို့တော် စည်ပင်သာယာရေးအဖွဲ့၏ ဝန်ဆောင်မှုများနှင့် အဆောက်အအုံ၊ ပစ္စည်းအမျိုးမျိုး

စတာလင်မြို့တော် စည်ပင်သာယာရေးအဖွဲ့က ကျွန်ုပ်တို့၏ မျိုးမတူ ကွဲပြားခြားနားသော လူမှုအဖွဲ့အစည်းအတွက် ဝန်ဆောင်မှု အမျိုးမျိုး ပံ့ပိုးဆောင်ရွက်ပေးပါသည်။ မြို့တော် စည်ပင်သာယာရေးအဖွဲ့၏ ဝန်ဆောင်မှုများနှင့် အဆောက်အအုံ၊ ပစ္စည်းအမျိုးမျိုးတွင် ဖော်ပြပါတို့လည်း ပါဝင်ပါသည် -

- အသုံးပြုရန် အခွင့်အလမ်းနှင့် လူမှုအဖွဲ့အစည်းတွင် အပါအဝင်ဖြစ်ခြင်း
- အနုပညာနှင့် ယဉ်ကျေးမှု
- လူမှုအဖွဲ့အစည်း စောင့်ရှောက်မှု
- လူမှုအဖွဲ့အစည်း အသင်းတိုက်
- မီရာဘွတ်ခါ ယဉ်ကျေးမှုမျိုးစုံ ဌာန (Mirrabooka Multicultural Centre)
- ပတ်ဝန်းကျင်ကို စောင့်ကြပ်ကြည့်ရှုသူများနှင့် လုံခြုံရေး
- အပန်းဖြေနေရာများ
- အမှိုက်သရိုက်များနှင့် ပြန်လည်ပြုပြင် အသုံးချခြင်း
- သက်ကြီးရွယ်အိုများ၏အသင်းအဖွဲ့များ နှင့် လှုပ်ရှားဆောင်ရွက်မှုများ
- မိသားစုများအတွက် ဝန်ဆောင်မှုများ
- စတာလင်မြို့တော် စာကြည့်တိုက်များ
- စေတနာ့ဝန်ထမ်းဆောင်ရွက်ခြင်းနှင့် အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများ

စတာလင်မြို့တော် စည်ပင်သာယာရေး ဝက်ဘ်ဆိုက်သည် သင်တို့အတွက် ဝန်ဆောင်မှု ရင်းမြစ်များ ပြီးပြည့်စုံစွာရနိုင်သောနေရာ ဖြစ်ပါသည်။ ပိုမိုသိရှိရန် သို့မဟုတ် မြို့တော်၏ သတင်းလွှာအတွက် စာရင်းသွင်းရန် ဝက်ဘ်ဆိုက် www.stirling.wa.gov.au ကို ဖွင့်ဖတ်ပါ။

## စတာလင်မြို့တော် စည်ပင်သာယာရေးအဖွဲ့ကို ဆက်သွယ်ရန်

## Contacting the City

### တယ်လီဖုန်းဖြင့်

ဝန်ဆောင်မှုယူသူများ ဆက်သွယ်ရန်ရုံး

**တယ်လီဖုန်း** (08) 9205 8555

တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၈.၃၀ နာရီမှ ညနေ ၅.၀၀ နာရီအထိ

**ဖက်စ်** (08) 9345 8822

### လူကိုယ်တိုင်

စတာလင်မြို့တော် စည်ပင်သာယာရေးအဖွဲ့ အုပ်ချုပ်ရေးရုံး

25 Cedric Street, Stirling WA 6021

တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၈.၃၀ နာရီမှ ညနေ ၅.၀၀ နာရီအထိ

### အီးမေးလ်ဖြင့်

stirling@stirling.wa.gov.au

### စာတိုက်မှ

PO Box 1533
Osborne Park WA 6916

### ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက်ကို ဝင်ကြည့်ပါ။

www.stirling.wa.gov.au

### အခြား ဆက်သွယ်ရန် နည်းလမ်းများ

အကယ်၍သင်သည် ပြောဆိုရန်သော်လည်းကောင်း သို့မဟုတ် နားထောင်ရန်သော်လည်းကောင်း အခက်အခဲရှိပါက တစ်နိုင်ငံလုံးဆိုင်ရာ တဆင့်ဆက်သွယ်ပေးသည့်ဝန်ဆောင်မှု (National Relay Service) မှတဆင့် အကူအညီရရှိနိုင်ပါသည်။

**TTY/အသံဖြင့်ဆက်သွယ်ပြောဆိုခြင်းများ -** 133 677

**ပြောပြီးနားထောင်ခြင်း -** 1300 555 727

စာတို (SMS) ဖြင့်တဆင့်ဆက်သွယ်ခြင်း - 0423 677 767

**အင်တာနက်ဖြင့် တဆင့်ဆက်သွယ်ခြင်း -** www.relayservice.gov.au

## ဘာသာပြန်နှင့် စကားပြန် ဝန်ဆောင်မှု (Translating and Interpreting Service)

ဘာသာပြန်နှင့် စကားပြန်ဝန်ဆောင်မှု (TIS) ကို 131 450 တွင် အသုံးပြုနိုင်ပြီး သင့်ကိုယ်စား စတာလင်မြို့တော် စည်ပင်သာယာရေးအဖွဲ့ကို ဆက်သွယ်ပေးနိုင်ပါသည်။ ဤဝန်ဆောင်မှုသည် အင်္ဂလိပ်စကားမပြောတတ်သူများ နစ်နာမှုမရှိစေရန်နှင့် စတာလင်မြို့တော် စည်ပင်သာယာရေးအဖွဲ့ထံ ဆက်သွယ် အသုံးပြုနိုင်ရန် ရည်ရွယ်ပြီး စီစဉ်ထားပါသည်။

## အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး

စတာလင်မြို့တော် စည်ပင်သာယာရေးအဖွဲ့သည် ပါ့သ်မြို့တော်နယ် နိမိတ်အတွင်း အများပြည်သူ သက်သာချောင်ချိစွာ သွားလာနိုင်စေရန် အဆင်ပြေစေသည့် ရထားနှင့် ဘတ်စ်ကား ကွန်ယက်များဖြင့် ချိတ်ဆက်ထားပါသည်။ မြို့တော်၏ အဓိက အများပြည်သူ သယ်ယူပို့ဆောင်ရေး ဝင်ရိုးလေးခုမှာ

- ဂလယ်န်ဒါးလား မီးရထားဘူတာ (Glendalough Train Station)
- စတာလင် မီးရထားဘူတာ (Stirling Train Station)
- မီရာဘူခါ ဘတ်စ်ကား ဂိတ် (Mirrabooka Bus Station)
- ကရင်န်ယွတ်ပ် ဘတ်စ်ကား ဂိတ် (Karrinyup Bus Station)

ပိုမိုသိရှိရန် သို့မဟုတ်ခရီးစဉ် ကြိုတင်ပြင်ဆင်ခြင်းများ၊ အချိန်ဇယားများနှင့် ဘူတာရုံ တည်ရှိရာနေရာများ သိရန် www.transperth.wa.gov.au ကို ဖွင့်ဖတ်ပါ။



အခန်း ၂။

# ပြည်သူများ

*ကျနော်နဲ့ ကျနော့် မိသားစုကို ဩစတြေးလျားနိုင်ငံ လူမှုအသိုင်းအဝန်းသို့ ပေါင်းစည်းပါဝင်ရာမှာ အမှန်တကယ် အကူအညီဖြစ်စေခဲ့တဲ့ အရာတစ်ခုမှာ ဤနေရာကိုရောက်နှင့်ပြီး အခြေတကျရှိနေသူများ ဖြစ်ပါ သည်။ ကျနော်တို့ရဲ့ ရှေးဦးကာလ နှစ်အနည်းငယ်မှာ ကျနော်တို့ကို အလုပ်အကိုင်ရှာဖွေခြင်း၊ ပုံစံများ ဖြည့်စွက်ခြင်းနဲ့ ခရီးသွားလာခြင်းတို့မှာ သူတို့ကကူညီပံ့ပိုးမှု များစွာ ပေးခဲ့ကြပါတယ်။ ဒါဟာ တကယ့်ကိုဘဲ အသုံးကျခဲ့ပါတယ်။*

မြန်မာနိုင်ငံ အနောက်ပိုင်းမှ မိုးဇက်စ် ဗန် ဘာဝီ ချောင်း၊ ယခုအခါ နှလုံးအထူးကုဆရာဝန်ကြီး ဖြစ်လာရန် လျှောက်လှမ်းနေသူ။



# ဒေသခံ အက်ဘော်ရစ်ဂျင်နယ် သက်ကြီးဝါကြီးများနှင့် ရင်းနှီးစွာ စကားစမြည်ပြောခြင်း



အက်ဘော်ရစ်ဂျင်နယ် သက်ကြီးဝါကြီးများဖြစ်ကြသော အိုရီလ် ဂရီးန် (Oriel Green)၊ ရုသ်ဘော်နဇ်စာ (Ruth Bonser) နှင့် ထရီရှာ ဖလင်းန်-စခရပ်တန် (Tricia Flynn-Scrutton) တို့သည် ဒေသ လူမှုအဖွဲ့အစည်းအတွင်း အလွန်ပင် တက်ကြွစွာ ပါဝင်လှုပ်ရှားကြသော စေတနာ့ဝန်ထမ်း လုပ်အားပေးသူများဖြစ်ကြပြီး မြို့တော်၏ သင့်မြတ်စွာ ပေါင်းစည်းနေထိုင်ရေး လှုပ်ရှားမှု အစီအစဉ် အလုပ်အမှုဆောင်အဖွဲ့ (Reconciliation Action Plan Working Group) (RAPWG) တွင် ပါဝင်ဆောင်ရွက်ကြသော အဖွဲ့ဝင်များ ဖြစ်ကြပါသည်။ Oriel, Ruth နှင့် Tricia တို့က စတာလင်မြို့တော်တွင် နေထိုင်သူ သူတို့၏ဘဝအကြောင်း ရင်းနှီးစွာ စကားစမြည် ပြောလိုကြပါသည်။

## အသစ်ရောက်လာသူများအား ကြိုဆိုခြင်း

**Oriel** – ကျမတို့က အသစ်ရောက်လာကြသူတစ်ဖွဲ့ကို ကျမ ကြီးပြင်းခဲ့ရာ ကျေးလက်ဒေသကို ခေါ်သွားပါတယ်။ ကျမတို့အားလုံး ကျမ နေထိုင်ခဲ့ရာကျေးလက်မြို့များဆီကို ဘတ်စ်ကားနဲ့သွားကြပြီး ကျမရဲ့ အနစ်သက်ဆုံးနေရာတွေနဲ့ အဲဒီနေရာတွေရဲ့ သမိုင်းကြောင်းကို ပြောပြပါတယ်။ ရလဒ်ကတော့ ကျမတို့ အခုအချိန်အထိ ထိတွေ့မှုရှိပြီး တွေ့ဆုံနေကြတာမို့ အံ့သြစရာကောင်းတယ်။ ဒါကြောင့် ကျမတို့ အက်ဘော်ရစ်ဂျင်နယ်လူမျိုးတွေဟာ သဘောပေါက်လွယ်၊ လက်ခံလွယ်သူတွေ ဖြစ်ကြတယ်ဆိုတာကို သင်တို့သိပြီပေါ့။ ကျမတို့က လူတွေကို လက်ခံတတ်ပါတယ်၊ ကျေးလက်ဒေသကို လူတွေလာတာတဲ့ အတွေ့အကြုံလည်း ရှိပြီးသားပါ၊ ကျမတို့က သူတို့ရဲ့ ယဉ်ကျေးမှုကို သိချင်ပါတယ်၊ သူတို့အကြောင်းကိုလည်း သိချင်ကြပါတယ်။ ကျမတို့အကြောင်း သိချင်ကြတဲ့သူတွေအတွက်လည်း ကျမတို့က သူတို့ကို ပြောပြချင်ပါတယ်။

## စတာလင်မြို့တွင် နေထိုင်ခြင်း

**Tricia** – ဒီနေရာ၊ စတာလင်မြို့ကို ကျမရောက်ခါစမှာ လူတိုင်းက သိတ်ဖော်ရွေပြီး ကလေးတွေက လမ်းပေါ်မှာ ကစားကြတယ်။ ဒါက အလွန်သဘောကျစရာကောင်းတယ်၊ လူတိုင်းကသိတ်ဖော်ရွေကြတယ်၊ ကျမကလည်း သိတ်ကြိုက်ပါတယ်။ ဈေးဆိုင်တွေကလည်း မဝေးဘူး၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးကလည်း သိတ်ကောင်းလိုက်တာ၊ ဒီအချက်တွေကြောင့် ကျမကြိုက်တာပေါ့၊ ပြီးတော့ ကျမရဲ့သားက ကျောင်းကို လမ်းလျှောက်သွားနိုင်တယ်။

**Ruth** – ကျမရဲ့အိမ်ထဲမှာရှိတဲ့နားနေခန်းမှာ ကျမထိုင်ပြီးတောလည့်း လမင်းကြီးထွက်လာတာ၊ နေထွက်လာတာကို ကြည့်နိုင်တယ်။ အိမ်က မီးရထားဘူတာဆိုင်တွေနဲ့ ဘတ်စ်ကားမှတ်တိုင်နဲ့ ကပ်လျက်ဘဲ။ ရထားဘူတာရုံကလည်း သိတ်မဝေးဘူး။ ဒီမှာ ပံ့ပိုးမှု ကွန်ယက်တွေ အများကြီး ရှိပါတယ်။ ကျမ ဝဒ်ဂျာ့ခ် (အက်ဘော်ရစ်ဂျင်နယ် ကူညီပံ့ပိုးမှု ရင်းမြစ်ဌာန) (Wadjak) (Aboriginal Resource Centre) ကို လမ်းလျှောက်သွားတယ်၊ အတော်လေး နီးပါတယ်၊ စတာလင် မိသားစု ဝန်ဆောင်မှုများဆိုင်ရာရုံးကို ဝင်တယ်၊ ပြီးတော့ အဲဒီမှာရှိတဲ့အဖွဲ့နဲ့ စကားစမြည် ပြောကြတယ်။ တကယ့်ကို သက်သောင့်သက်သာရှိပြီး အသုံးဝင်ပါတယ်။

## ဒေသဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် ကူညီပံ့ပိုးရေး ဝန်ဆောင်မှုများ

**Tricia** – လူမှုအဖွဲ့အစည်း ကူညီပံ့ပိုးမှုနဲ့ပတ်သက်လာရင် သိတ်ကောင်းတဲ့ ဆာဒ်ဘရီ ဟောက်စ် (Sudbury house) ဆိုတာ ရှိတယ်။ အဲဒီမှာ အင်္ဂါနေ့မနက်တိုင်း တွေ့ဆုံကြတဲ့ မိတ်ဆွေများအဖွဲ့ကို ကျမသွားတွေ့နေတာ နှစ်နှစ်ခွဲ ရှိနေပြီ။ အခုဆို ကျမက Sudbury house ရဲ့ ကော်မီတီဝင်လည်းဖြစ်နေပါပြီ။ အဲဒီမှာ အများကြီးရှိပါတယ်၊ အထူးသဖြင့် အင်္ဂလိပ်စာသင်တဲ့ ပြောင်းရွှေ့အခြေချသူတွေ အတွက်ပေါ့။ Sudbury house ဟာ လူမှုအဖွဲ့အစည်းရဲ့ ဝင်ရိုးသဘွယ်လည်း ဖြစ်ပါတယ်။ သိတ်ကိုကောင်းတာပါ။ ရှင်တို့ကိုလည်း ကြိုဆိုပါတယ်၊ ဘာမှ ဟန်ဆောင်မှု မရှိကြပါဘူး။ သိတ်ကိုသွားသင့်တဲ့နေရာပါ။

## စတာလင်မြို့ သင့်မြတ်စွာ ပေါင်းစည်းနေထိုင်ရေး လုပ်ငန်းဆိုင်ရာ အစီအစဉ် (City of Stirling's Reconciliation Action Plan)

သင့်မြတ်စွာ ပေါင်းစည်းနေထိုင်ရေး ခရီးစဉ်မှာ စတာလင်မြို့အတွက် အလွန့်အလွန် အရေးကြီးပါသည်။ အက်ဘော်ရစ်ဂျင်နယ်လူမျိုးများ၊ တောရက်စ်ထရိတ် ကျွန်းသားများနှင့် ရှေးဦးသြစတြေးလျားလူမျိုး မဟုတ်သူများကြားဝယ် စည်းလုံးညီညွတ်မှုနှင့် အပြန်အလှန်လေးစားမှုကို အားပေးမြှင့်တင်ရေးသည် မြို့တော်၏ စံများနှင့် ကိုယ်ကျင့်တရားအတွက် ထားရသော မူများ၏ မဏ္ဍိုင်တွင် တည်ရှိပါသည်။ ကျွန်ုပ်တို့၏ လူမှုအဖွဲ့အစည်းများ သင့်မြတ်စွာ ပေါင်းစည်းနေထိုင်ရေးတွင် ရလဒ်ကောင်းများ ပေါ်ထွက်လာစေရန် စတာလင်မြို့တော် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၄ မှ ၂၀၁၆ ခုနစ်အထိ သင့်မြတ်စွာ ပေါင်းစည်းနေထိုင်ရေး လုပ်ငန်းဆိုင်ရာ အစီအစဉ် (Reconciliation Action Plan (RAP) from 2014-2016) ကို ချမှတ်ခဲ့ပါသည်။ နောက်တဆင့်မှာ ၂၀၁၈ မှ ၂၀၂၁ ခုနစ်အထိ သင့်မြတ်စွာ ပေါင်းစည်းနေထိုင်ရေး တိုးချဲ့ လုပ်ငန်းဆိုင်ရာ အစီအစဉ် (Stretch Reconciliation Action Plan 2018-2021) ဖြစ်ပါသည်။

အကယ်၍သင်က အက်ဘော်ရစ်ဂျင်နယ် ယဉ်ကျေးမှုအကြောင်း လေ့လာလိုလျှင်ဖြစ်စေ၊ သို့မဟုတ် သင့်မြတ်စွာ ပေါင်းစည်းနေထိုင်ရေး ကိစ္စအတွက် ကျွန်ုပ်တို့နှင့် ပါဝင်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ ကျေးဇူးပြု၍ စတာလင်မြို့တော်၏ စေတနာပြည့်ဝသော ဝက်ဘ်ဆိုက် www.stirling.wa.gov.au./reconciliation တွင် ကြည့်ပါ။

# မိသားစုများ ပါဝင်ရင်းနှီးမှုရှိသော လူမှုအဖွဲ့အစည်း



ဇာတိမှာ အိုင်ယာလန်နိုင်ငံမှဖြစ်ပြီး အေွ့ဖ် စတက်ခ် (Aoife Stack) နှင့် သူမ၏မိသားစုသည် ဩစတြေးလျားနိုင်ငံကို ပထမဆုံးအကြိမ်အဖြစ် ၂၀၀၅ ခုနှစ်တွင် အပန်းဖြေခရီးနှင့် အလည်အပတ်ရောက်လာခဲ့ပါသည်။ သူတို့ အလွန်နှစ်သက်သွားသဖြင့် ၂၀၁၃ ခုနှစ်မှစပြီး စတာလင်မြို့တွင် အနာဂတ်ဘဝ စတင်ကြရန် ပြန်လာကြသည်။ လူမှုအဖွဲ့အစည်းစိတ်ဓာတ် ပြင်းပြသောသူဖြစ်ရာ Aoife သည် ယဉ်ကျေးမှု မျိုးမတူကွဲပြားခြားနားကြသည့် လူမှုအဖွဲ့အစည်းများနှင့် ဒေသအတွင်း အလုပ်လုပ်သည်၊ မိသားစုများ ကျစ်လစ်ခိုင်မာစေရန် စိတ်အားထက်သန်ကာ သူတို့ ကျယ်ပြန့်သော လူမှုအဖွဲ့အစည်းအတွင်း အောင်မြင်စွာ ပူးပေါင်းလာနိုင်စေရန် ကူညီပံ့ပိုးခဲ့ပါသည်။

## ကျမရဲ့ အသစ်ရောက်လာသူဘဝ စိန်ခေါ်မှုများ

ကျမအတွက်စိန်ခေါ်မှုက ဒီပွဲသ်မှာ နေသားတကျဖြစ်အောင် ကြိုးစားရခြင်းဖြစ်ပါတယ်။ အစပထမပိုင်းမှာ မလွယ်ကူဘဲ အိုင်ယာလန်က ဒီနေရာကိုလာတာမှာ ယဉ်ကျေးမှု ဆင်တူလို့ အံ့အားသင့်ခဲ့ရပါတယ်။ အရင်က ဩစတြေးလျားကို ရောက်ဘူးပေမဲ့ ကျမရဲ့အထင်က အိုင်ယာလန်မှာ ကျမတို့ရဲ့ မိသားစုတွေရှိတယ်၊ ကျမတို့မိတ်ဆွေတွေ ရှိတယ်၊ ဒီမှာ တကယ် နေသားတကျဖြစ်အောင် ကြိုးစားပြီဆိုတော့ အချိန်အကြာကြီး ယူရပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့နှစ်နှစ်အတွင်း အပြောင်းအလဲတွေကို လက်ခံကာ ခြားနားတဲ့ဘဝတစ်ခု ကျမ ထူထောင်နိုင်တာက ကျမရဲ့ အကြီးမားဆုံး အောင်မြင်မှုတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ ပြောရမယ်ဆိုရင် အရှိကို အရှိအတိုင်း နွေးထွေးစွာ လက်ခံပြီး ရှေ့ဆက်သွားတာ၊ ပျော်ရွှင်မှုခံစားတာ ကျမတို့အတွက် တကယ့်ကို အပေါင်းလက္ခဏာဖြစ်ခဲ့ပါတယ်။

## ဒေသခံ လူမှုအဖွဲ့အစည်းများနှင့် အလုပ်လုပ်ခြင်း

ကျမရဲ့အလုပ်က မီရာဘွတ်ခ်မှာ ရှိပါတယ်၊ တကယ့်ကို မျိုးမတူ ကွဲပြားခြားနားကြတဲ့ ယဉ်ကျေးမှု ရှိတာမို့ သိတ်ကောင်းတဲ့နေရာ ဖြစ်ပါတယ် – ကျမက မိသားစုတွေ ခိုင်ခိုင်မာမာဖြစ်လာစေဖို့နဲ့ သူတို့ ဒီမှာ အခြေချတာရယ်၊ ဒေသခံတွေနဲ့ ပေါင်းစည်းပါဝင်ရေးမှာ အားပေးကူညီဖို့ ဒေသခံ လူမှုအဖွဲ့အစည်းတွေနဲ့ အလုပ်လုပ်ပါတယ်။ မီရာဘွတ်ခ်မှာ လူမှုအဖွဲ့အစည်း ဝန်ဆောင်မှုဆိုင်ရာ အဖွဲ့အစည်းတွေ အများကြီးရှိလို့ အင်အား တောင့်တင်းစွာ ရှိပါတယ်။ အဲဒီဝန်ဆောင်မှုတွေ အတော်များများက ရှော့ပင်းစင်တာနဲ့ ဘတ်စ်ကားဂိတ်နဲ့ သိတ်နီးတဲ့အတွက် သိတ်ကို အဆင်ပြေပါတယ်။ ကျမကတော့ အသစ်ရောက်လာသူတွေနဲ့ အလုပ်လုပ်ပြီး သူတို့ ဒီမှာ အခြေချပြီး ကိုယ့်ရပ်ကိုယ့်မြေလို ခံစားရစေဖို့ ကူညီပံ့ပိုးပေးရတာကို နှစ်ချိုက်ပါတယ်။

## စတာလင်မှာ မိသားစု လှုပ်ရှားဆောင်ရွက်မှုများနဲ့ ပျော်ရွှင်ဖွယ်ရာများ

ကျမတို့ရဲ့ လှုပ်ရှားဆောင်ရွက်မှုများစွာဟာ ကျမတို့ရဲ့ ကလေးနဲ့ဘဲ ပတ်သက်နေပါတယ်။ ကျမကတော့ ဒီက ပံ့ပိုးတဲ့ အထောက်အပံ့ ပစ္စည်းပစ္စယများဟာ ကလေးအတွက် သိတ်ကို ကောင်းပါတယ်။ ကျမတို့စတာလင် စာကြည့်တိုက်ကို စာကြည့်တိုက် တေးကဗျာအချိန် (Library Rhymetime) ကို အများကြီးသွားပါတယ်။ ကျမတို့ ပင်လယ်ကမ်းခြေတွေကိုသွားကြတယ်၊ ဥယျာဉ်တွေကိုသွားတယ်၊ အဲဒီမှာ တစ်ခါတစ်လေ ဘာဘီကျူ လုပ်စားကြတယ်။ ဒီလို အပြင်ထွက်တာက သိတ်ကောင်းပါတယ်၊ ဥယျာဉ်တွေ ကလေးကစားကွင်းတွေကိုသွားရင် တခြားသူတွေနဲ့ အမြဲတန်း တွေ့ဆုံနိုင်ပါတယ်။ ပတ်ဝန်းကျင်မှာ အတော်ဆန်းပြားတဲ့ အထောက်အပံ့ ပစ္စည်းပစ္စယတွေနဲ့အတူ နေဝင်ဆည်းဆာကို ခံစားနိုင်တဲ့ ကမ္ဘာပေါ်မှာ အလှပဆုံး ပင်လယ်ကမ်းခြေတွေလည်းရှိပြီး လူတိုင်း ရယူအသုံးပြုနိုင်တဲ့ လွယ်ကူတဲ့ အရာတွေလည်းရှိပါတယ်။

## အသစ်ရောက်လာသူများအတွက် ကျမရဲ့ အကြံပေးချက်

ကျမ ပြောလိုတာကတော့ နည်းနည်းလေး စိတ်ကိုလျှော့ထားပါ၊ အချိန်ပေးရပါတယ်၊ ခြေလှမ်းမကျဲပါစေနဲ့။ ဥယျာဉ်ကိုသွားတာလို၊ ဒါမှမဟုတ် ပင်လယ်ကမ်းခြေကိုသွားပြီး သာယာလှပတဲ့ ပတ်ဝန်းကျင်က ရှုခင်းတွေကို ပျော်ရွှင်စွာ ခံစားတာမျိုးလို အသေးအမွှားကိစ္စလေးတွေ ဖြစ်ပါစေ။ ကူညီပံ့ပိုးမှုကွန်ယက်တစ်ခု တည်ဆောက်ဖို့နဲ့ မိတ်ဆွေတွေ တွေ့ဖို့၊ အလုပ်ရှာဖို့ ဒါမှမဟုတ် ရှင်ဘာဘဲလုပ်လုပ် ကိုယ့်ကိုကိုယ် ညှာတာပါ၊ အဲဒီလိုလုပ်ဖို့ အချိန်ပေးပါ။ ဒါကတော့ ကျမအတွက် အဓိက သခ်ၤန်းစာတွေထဲက တစ်ခုပါ။

# ကလေးသူငယ်များနှင့် မိသားစုများအတွက် ဝန်ဆောင်မှုများ

အကယ်၍သင့်မှာမိသားစုရှိပါက သို့မဟုတ် ကလေးရခါစဖြစ်ပါက သင့်အား အခြားမိသားစုများနှင့် တွေ့ဆုံရန်အတွက် အသုံးဝင်သော သိကောင်းစရာ အချက်အလက်များနှင့် အခွင့်အလမ်းများ ပံ့ပိုးပေးနိုင်သည့် အလွန်ကောင်းသော ဝန်ဆောင်မှုများ ရှိပါသည်။ ဝန်ဆောင်မှုအချို့မှာ -

## စတာလင်မြို့တော် စာကြည့်တိုက်များ

**ကလေးများ တေးကဗျာအချိန် (၀ မှ ၂ နှစ်)**
**(Baby Rhymetime) (0-2 years)**

ကလေးများနှင့် မိဘများအတွက်ပါ ရိုးရိုး တေးကဗျာများ၊ လှုပ်ရှားမှုပါသော တေးသီချင်းများနှင့် ပုံပြင်များမှတဆင့် အခမဲ့၊ ပျော်ရွှင်စရာနှင့် ပညာပေး အတွေ့အကြုံ

**မူလတန်းကြို ပုံပြင် ပြောချိန် (၂နှစ်မှ ၆ နှစ်)**
**(Pre-school Storytime) (2-6 years)**

ပုံပြင်များ၊ တေးသီချင်းများနှင့် ဆေးရောင်ချယ်ခြင်းများ ပါဝင်ပြီး သင့်ကလေးအတွက် မိတ်ဆွေအသစ်များဖွဲ့ရန်နှင့် စာဖတ်ခြင်းကို သင်ယူရန် အလွန်ကောင်းသောနည်းလမ်း

အချိန်ဇယားများနှင့် တည်နေရာများအပါအဝင် ပိုမိုသိလိုပါက visitwww.stirling.wa.gov.au/libraries ကို ဖွင့်ဖတ်ပါ။

## စတာလင်မြို့တော် မိသားစုဆိုင်ရာ ဝန်ဆောင်မှုများ

မိသားစုများ၊ ကလေးများနှင့် လူငယ်များအတွက် ပုံမှန်ပြုလုပ်သော ကုန်ကျငွေနည်းသည့် အစီအစဉ်များ၊ အလုပ်ရုံ ဆွေးနွေးပွဲများနှင့် လူမှုရေးဆိုင်ရာ ဆောင်ရွက်လှုပ်ရှားမှုများ ဖြစ်သည်။ ပိုမိုသိရှိရန်သော်လည်းကောင်း e-newsletter သတင်းလွှာအတွက် အမည်စာရင်းသွင်းရန်သော်လည်းကောင်း www.stirling.wa.gov.au/families ကိုဖွင့်ပါ။

**လူမှုအဖွဲ့အစည်းဆိုင်ရာ လူမှုရေး လှုပ်ရှားဆောင်ရွက်မှုများ**

စတာလင်မြို့တော်သည် နှစ်စဉ်နှစ်တိုင်း အသက်အရွယ်မရွေး အားလုံးအတွက် အခမဲ့ လူမှုရေး လှုပ်ရှားဆောင်ရွက်မှုများ နှင့် လှုပ်ရှားမှု အမျိုးမျိုးဖြင့် အောင်ပွဲကျင်းပပါသည်။

ပိုမိုသိလိုပါက www.stirling.wa.gov.au/whatson ကို ဖွင့်ဖတ်ပါ။

**ငါ့လ (Ngala) (မိသားစု ကူညီပံ့ပိုးမှု) (Parenting Support)**

မိခင်များ၊ ဖခင်များနှင့် ပြုစုစောင့်ရှောက်သူများအတွက် ကလေးများကို ကြည့်ရှုစောင့်ရှောက်ခြင်းနှင့်ဆိုင်သည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် မိဘဖြစ်ခြင်းဆိုင်ရာ ပံ့ပိုးမှု အကူအညီလိုင်းကို ဆောင်ရွက်ပေးနေသော ခင်မင်ရင်းနှီးစွာ ဆက်ဆံသည့် ဝန်ဆောင်မှု

**တယ်လီဖုန်း** (08) 9368 9368
**ဝက်ဘ်ဆိုက်** www.ngala.com.au

**မြို့တော် မြောက်ပိုင်းနယ်မြေ လူမှုအဖွဲ့အစည်း အရက်နှင့် မူးယစ်ဆေးဝါးဆိုင်ရာ ဝန်ဆောင်မှု (North Metro Community Alcohol and Drug Service)**

Cyrenian House နှင့် Next Step တို့က ပုဂ္ဂိုလ်တစ်ဦးခြင်းနှင့် မိသားစုများအား အရက်၊ မူးယစ်ဆေးဝါးနှင့် စိတ်ပိုင်း ကျန်းမာရေးနှင့် ပတ်သက်သည့် မည်သည့်ကိစ္စရပ်မျိုးနှင့်မဆို ထိခိုက်ရသောသူများကို ပေးသည့်ဝန်ဆောင်မှုများထံ ဆက်သွယ်ပေးသည်။

**တယ်လီဖုန်း** (08) 9246 6767
**ဝက်ဘ်ဆိုက်** www.cyrenianhouse.com

**ဆါ့ဒ်ဘရီ ဟောက်စ် (Sudbury House)**

လူမှုအဖွဲ့အစည်းအားလုံးကို လက်ခံကြိုဆိုသည့် နေရာဖြစ်သည်။ လဘက်ရည်သောက်ရန်၊ သိကောင်းစရာများ ရယူရန်၊ လူမှုအဖွဲ့အစည်းအတွက် ဆောင်ရွက်လှုပ်ရှားမှုများ သိရှိရန်နှင့် အင်္ဂလိပ်ဘာသာစကားဖြင့် စကားစမြည်ပြောကြရန် ခဏဝင်လှည့်ပါ။

**တယ်လီဖုန်း** (08) 9344 8011
**ဝက်ဘ်ဆိုက်** www.sudburyhouse.org.au



# သင် အခြေချပြီး တိုးတက်ကြီးပွားရန်အတွက် လူမှုအဖွဲ့အစည်း၏ အကူအညီ



**ဂျင်မီ ဟန် လန်ဂလ် (Jimmy Han Langle) နှင့် မိုးဇက်စ် ဗန် ဘာဝီ ချောင်း (Moses Van Bawi Chawn) တို့ကို မြန်မာ (ဗမာ) နိုင်ငံအနောက်ပိုင်း ချင်းပြည်နယ်တွင် မွေးဖွားပါသည်။ ခက်ခဲကြမ်းတမ်းသောဘဝကို ဖြတ်သန်းခဲ့ရသည့်အတွက် သူတို့သည် မိသားစုများနှင့် လူမှုအဖွဲ့အစည်းများ၏ အကူအညီဖြင့် သူတို့၏ ပညာရေး ဆက်လက်သင်ကြားနိုင်ရန်နှင့် တောက်ပသော အနာဂတ်ကို ဖန်တီးနိုင်ရန် ပင်ပင်ပန်းပန်း ကြိုးစားအားထုတ်ခဲ့ကြရပါသည်။ Jimmy နှင့် Moses တို့သည် အလွန်တက်ကြွလှုပ်ရှားသော လူမှုအဖွဲ့အစည်းဝင်များ ဖြစ်ကြပြီး အသစ်ရောက်လာကြသူများ၊ အရွယ်ကြီးကြီးငယ်ငယ် အခြေချနေထိုင်ရေးနှင့် တိုးတက်အောင်မြင်ရေးတို့အတွက် လူမှုအဖွဲ့အစည်းသို့ ဆက်သွယ်နိုင်ရန် အားပေးတိုက်တွန်းကြပါသည်။**

## Jimmy ၏ နောက်ခံဘဝအကြောင်း

### မျှော်လင့်ချက် ကုန်ဆုံးခြင်းမှသည် မျှော်လင့်ချက်သို့

အိန္ဒိယနိုင်ငံ လမ်းတွေပေါ်မှာ လမ်းပေါ်ကလူအဖြစ် နှစ်ပေါင်းများစွာ ကျနော် လျှောက်နေရတဲ့အချိန်တွေမှာ ကျနော့်မျှော်လင့်ချက်တွေ ပျောက်ဆုံးပြီလို့ ယူဆခဲ့ပါတယ်၊ ဒါကြောင့် ကျနော့်ဘဝရဲ့သက်တမ်း တစ်ဝက်နီးပါးကို အနာဂတ်အတွက် အာမခံချက်မရှိဘဲ တကယ့်ကို မျှော်လင့်ချက်ကင်းစွာ အချိန်ဖြုန်းခဲ့ပါတယ်။ ဒါပေမဲ့ ဖြုန်းဆို ၂၀၁၃ ခုနှစ်မှာ ဒီကိုရောက်လာခဲ့ပါတယ်။ ကျနော် အလုပ်ကြမ်းသမားအဖြစ် စတင်ခဲ့ပြီး ၂၀၁၄ ခုနှစ်မှာတော့ ဩစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ် တက္ကသိုလ် (UWA) မှာ စပြီးပညာသင်ပါတယ်။ တက္ကသိုလ်တက်ပြီး ဘွဲ့ယူရတာကို ကျနော် တကယ်ဘဲ ဂုဏ်ယူပါတယ်။ ကျနော်အခု လူမှုဆက်ဆံရေးလုပ်ငန်းဆိုင်ရာ မဟာဘွဲ့ (Masters of Social Work) တက်ဖို့နဲ့ ဆက်ပြီး ဒေါက်တာဘွဲ့ (Doctorate) တက်ဖို့ အစီအစဉ်လုပ်နေပါတယ်။!

### အသစ်ရောက်လာသူတွေအတွက် ကျနော့်ရဲ့ အကြံပေးချက်

ကျနော်အနေနဲ့က အသစ်ရောက်လာသူတွေဟာ ဒီမှာ အချိန်ပိုကြာကြာ နေထိုင်ကြပြီးတဲ့သူတွေကို အဆက်အသွယ် ရှိသင့်တယ်လို့ ယူဆပါတယ်။ ဒါမှသာ လူမှုအဖွဲ့အစည်းဝင်တွေဟာ ယဉ်ကျေးမှုအရ တသီးတခြား ဖြစ်နေတယ်လို့ မခံစားရဘဲ ကိုယ့်လူမျိုးတွေ ဒီမှာရှိနေပါလားလို့ ခံစားကြရမှာဖြစ်လို့ အလွန် အထောက်အကူ ရစေပါတယ်။ သူတို့ ကိုယ့်လူမျိုးတွေနဲ့ အခြေချပြီးတဲ့နောက် မိမိတို့ ပတ်ဝန်းကျင်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ နားလည်သဘောပေါက်ပြီဆိုရင် သူတို့ဟာ တခြား လူမှုအဖွဲ့အစည်းဝင်တွေနဲ့ နောက်ထပ်အဆက်အသွယ် စတင်နိုင်ပါတယ်။ ကိုယ့်လူမှုအဖွဲ့အစည်းမှာ တက်တက်ကြွကြွ လှုပ်ရှားပါ၊ ပြီးတော့ အဲဒီကနေ တခြားလူမှုအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်နိုင်ပြီး အခြေချနေနိုင်ပါတယ်။

## Moses ၏ နောက်ခံဘဝအကြောင်း

### အခက်အခဲ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားပြီး အခြေချနေထိုင်ခြင်း

ကျနော်အသက် နှစ်နှစ်မှာ ဒီကိုရောက်လာပြီး ကျနော့်မိဘများမှာ အစပိုင်းမှာတော့ အားလုံးလိုပါဘဲ အင်္ဂလိပ်ဘာသာစကားမှာ ခက်ခက်ခဲခဲ ကြိုးစားရပါတယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ ကောင်းလာပါတယ်။ ကျနော် အထက်တန်းပညာကို အမှတ်ကောင်းကောင်းနဲ့ အောက်မြင်ပြီးတဲ့နောက် အခု ဩစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ် တက္ကသိုလ် (UWA) မှာ ပညာသင်နေပါတယ်။ ဒီနှစ်ဘွဲ့ရပြီးတဲ့အခါ ကျနော် UWA မှာ ဆေးပညာရပ်ကို လျှောက်ထားပါမယ်၊ ကျနော်က နှလုံးခွဲစိတ်ပါရဂူဖြစ်ဖို့ မျှော်လင့်တာမို့ ဒါက အတော်ကောင်းပါတယ်။ ဒါက မျှော်မှန်းထားရမဲ့ အရာတစ်ခုပါ။

### စတာလင်မြို့ကို ကျနော် ကြိုက်ရခြင်းအကြောင်း

ကျနော်တို့ရဲ့ ဘုရားရှိခိုးကျောင်းက စတာလင်မြို့ထဲက ဥယျာဉ်တွေနဲ့ တခြား အဆောက်အဦ၊ နေရာတွေကို အားကစားပွဲတွေနဲ့ တခြား လူမှုအဖွဲ့အစည်းဆိုင်ရာ လှုပ်ရှားမှုတွေအတွက် အသုံးပြုပါတယ်။ ကျနော်တို့ Herb Graham Centre ကို တနင်္ဂနွေနေ့ မနက်ပိုင်းတွေမှာ ဘော်လီဘောပွဲတွေအတွက် အသုံးပြုရတာ ကောင်းပါတယ်။ ကျနော်တို့ ရှော့ပင်းစင်တာတွေကိုသာမက ဘတ်စ်ကားဂိတ်တွေကိုလည်း အတော်များများ အသုံးပြုပါတယ်။ မကြာသေးခင်က ကျနော်တို့ဟာ စတာလင်မြို့တော် စည်ပင်သာယာရေးအဖွဲ့နဲ့ အလုပ်လုပ်နေပြီး ကျနော်တို့ တက္ကသိုလ်ကျောင်းသား အတော်များများလည်း ပါဝင်ပါတယ်။ ကျနော့အမြင်ပြောရရင် စတာလင်မြို့တော် စည်ပင်သာယာရေးအဖွဲ့က ယဉ်ကျေးမှုမျိုးစုံ လူမှုအဖွဲ့အစည်းတွေအတွက် အစီအစဉ်တွေ အများကြီး လုပ်ပေးနေပါတယ်။

### အခြေတကျဖြစ်နေပြီဖြစ်သော လူမှုအဖွဲ့အစည်းများထံမှ အကူအညီ ရှာဖွေရယူခြင်း

ကျနော်နဲ့ ကျနော့်မိသားစုကို ဩစတြေးလျှန်း အဖွဲ့အစည်းထဲကို ပေါင်းစည်းပါဝင်ဖို့ကိစ္စမှာ အမှန်တကယ် အကူအညီဖြစ်စေခဲ့တဲ့ အရာတွေထဲက တစ်ခုကတော့ ဒီမှာရောက်နှင့်ကြပြီး အခြေတကျ ဖြစ်နေပြီးဖြစ်တဲ့သူတွေပါဘဲ။ သူတို့က ကျနော်တို့ကို ရှေးဦးကာလ တစ်နှစ်နှစ်နှစ်မှာ အလုပ်အကိုင်ရှာဖွေရေး၊ ပုံစံတွေဖြည့်စွက်ရေးနဲ့ ခရီးသွားလာရေးတွေမှာ ကူညီပံ့ပိုးမှုတွေ အများကြီးပေးခဲ့ကြပါတယ်။ တကယ့်ကို အကူအညီဖြစ်စေတာပါ။

# ပြောင်းရွှေ့အခြေချသူများနှင့် အသစ်ရောက်လာသူများအတွက် ဝန်ဆောင်မှုများ

သင် အခြေချပြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက်  အသစ်ရောက်ရှိလာသော ပြောင်းရွှေ့အခြေချသူတွေကို ကူညီပံ့ပိုးတဲ့ ဝန်ဆောင်မှုတွေ ကျနော်တို့ လူမှုအဖွဲ့အစည်းမှာတွေ့ရတာကတော့ ဒီမှာပါ -

## ပြောင်းရွှေ့အခြေချသူများအား ကူညီပံ့ပိုးမှု

**စတာလင်မြို့တော် မီရာဘွတ်ခါ ယဉ်ကျေးမှုမျိုးစုံဆိုင်ရာရုံး (City of Stirling Mirrabooka Multicultural Centre)**

မြို့တော်စည်ပင်သာယာရေးအဖွဲ့တွင် ယဉ်ကျေးမှုမျိုးစုံ စီမံကိန်းဆိုင်ရာ အရာရှိတစ်ဦးကို မကြာသေးမီကရောက်လာကြသော ပြောင်းရွှေ့အခြေချသူများ၏ အခြေတကျဖြစ်ရေးနှင့် ယဉ်ကျေးမှုမျိုးစုံ ဖွံ့ဖြိုးတိုးတက်ရေးတွင် အကူအညီပေးရန် ခန့်ထားပါသည်။ ၎င်းတို့ကို အောင်မြင်စေရန် ဖော်ပြပါအချက်များကို လုပ်ဆောင်ပါသည် -

- မီရာဘွတ်ခါ ယဉ်ကျေးမှုမျိုးစုံဆိုင်ရာရုံးကို တွေ့ဆုံကျင်းပရာဌာနအဖြစ် အသုံးပြုခြင်း
- ကူညီပံ့ပိုးမှုအမျိုးမျိုး၊ ဝန်ဆောင်မှုအမျိုးမျိုးတို့နှင့် ချိတ်ဆက်နိုင်ရန် စီစဉ်ပေးခြင်း
- ပညာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ဖြစ်ကြပါသည်။

**တယ်လီဖုန်း** (08) 9205 8555
**ဝက်ဘ်ဆိုက်** www.stirling.wa.gov.au/mmc

**စတာလင်မြို့တော်  စာကြည့်တိုက်များ**

- အင်္ဂလိပ်ဘာသာဖြင့် စကားစမြည်ပြောသောအဖွဲ့ (အပါတ်စဉ်) (English Conversational Group) (weekly)

  စိတ်အေးလက်အေးနှင့် သက်သောင့်သက်သာရှိသောနေရာတွင် အင်္ဂလိပ်စကားပြော လေ့ကျင့်လိုသော အခြားသူများနှင့် တွေ့ဆုံပါ။ မီရာဘွတ်ခါ စာကြည့်တိုက် (Mirrabooka Library) နှင့် အော်စ်ဘန်း စာကြည့်တိုက် (Osborne Library) တို့က ဤအဖွဲ့များကို စီစဉ်ဆောင်ရွက်ပါသည်။

  **ဝက်ဘ်ဆိုက်**
  www.stirling.wa.gov.au/whatsonlibraries

**သက်ကြီး အခြေချ အင်္ဂလိပ်ဘာသာ သင်တန်း (Adult Migrant English Program)**
အရွယ်ရောက်ပြီးသော ပြောင်းရွှေ့အခြေချသူများနှင့် ဒုက္ခသည်များအတွက် မြို့တော် မြောက်ပိုင်း (North Metropolitan) TAFE  တွင် အခမဲ့ အင်္ဂလိပ်စာ ကျူရှင် သင်တန်း

**တယ်လီဖုန်း** 1300 300 822
**ဝက်ဘ်ဆိုက်** www.northmetrotafe.wa.edu.au

**လေ့ကျင့်ရေးနှင့် လုပ်ငန်းခွင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာန - ပြောင်းရွှေ့အခြေချခြင်းဆိုင်ရာ ဝန်ဆောင်မှုများ (Department of Training and Workforce Development - Migration Services)**
ကျွမ်းကျင်တတ်ကျွမ်းမှုရှိသော ပြောင်းရွှေ့အခြေချသူများအား ဩစတြေးလျားနိုင်ငံ အနောက်ပိုင်းတွင် အခြေချရန် ကူညီပြီး နိုင်ငံခြားမှ တက္ကသိုလ်အဆင့် အရည်အချင်းသတ်မှတ်ချက်များအား အကဲဖြတ်ရန် ကမ်းလှမ်းခြင်း

**တယ်လီဖုန်း** (08) 9224 6540
**ဝက်ဘ်ဆိုက်** www.migration.wa.gov.au

**ဌာနေမျိုးနွယ်မဟုတ်သော လူမျိုးနွယ်စုအတွက် မသန်စွမ်းမှုဆိုင်ရာ ကိုယ်စားပြုပေးသည့် ဌာန (Ethnic Disability Advocacy Centre) (EDAC)**
ဌာနေမျိုးနွယ်မဟုတ်သော လူမျိုးနွယ်စုမှ မသန်မစွမ်းဖြစ်နေသူများနှင့် သူတို့၏ မိသားစုများအတွက် ရပိုင်ခွင့်များအတွက် ကူညီခြင်းနှင့် အားပေးပံ့ပိုးခြင်း

**တယ်လီဖုန်း** (08) 9388 7455
**ဝက်ဘ်ဆိုက်** www.edac.org.au

**မားစီးကဲ မီရာဘွတ်ခါ မိသားစုများကို အားပေးပံ့ပိုးသည့် ကွန်ယက် (MercyCare Mirrabooka Family Support Network)**
ပြောင်းရွှေ့အခြေချသူများနှင့် သူတို့မိသားစုများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ရရှိနိုင်ရန်နှင့် လေ့ကျင့်သင်ကြားရေးနှင့် အလုပ်အကိုင် ရွေးချယ်နိုင်ရန်အတွက် အသိပေး အကြောင်းကြားသည်။

**တယ်လီဖုန်း** 1300 760 691
**ဝက်ဘ်ဆိုက်** www.mercycare.com.au

**မြို့တော်ဒေသ ပြောင်းရွှေ့အခြေချသူများအတွက် အရင်းအမြစ်များဆိုင်ရာ ဌာန (Metropolitan Migrant Resource Centre)**
ဒုက္ခသည်များ၊ လူသားချင်း စာနာထောက်ထားမှုအရ ရောက်လာသူများနှင့် အသစ်ရောက်လာကြသော ပြောင်းရွှေ့အခြေချသူများအတွက် အခြေချခြင်းဆိုင်ရာ ဝန်ဆောင်မှုများပေးသည့် အသုံးဝင်သော အဖွဲ့အစည်းဖြစ်သည်။

**တယ်လီဖုန်း** (08) 9345 5755
**ဝက်ဘ်ဆိုက်** www.mmrcwa.org.au

**ယဉ်ကျေးမှုမျိုးစုံ အကျိုးစီးပွားများဆိုင်ရာရုံး (Office of Multicultural Interests)**
OMI သည် လူမျိုးစုများနှင့် လူမျိုးစုအလိုက် လူမှုအဖွဲ့အစည်းများအား ခိုင်မာတောင့်တင်းသော လူမှုအဖွဲ့အစည်းများ ဖြစ်လာရေးအတွက် ကူညီရန် သိကောင်းစရာ အချက်အလက်များ၊ ရန်ပုံငွေထောက်ပံ့မှု၊ လေ့ကျင့်ရေးနှင့် အားပေးထောက်ပံ့မှု ပြုလုပ်သည်။

**တယ်လီဖုန်း** (08) 6551 8700
**ဝက်ဘ်ဆိုက်** www.omi.wa.gov.au



# မျှော်မှန်းချက်များကို အကောင်အထည်ဖော်နေသော လူငယ်များ



**ဝါဟီဒါ စမီးမ် (Wahida Samim) သည် ဩစတြေးလျားနိုင်ငံသို့ ဒုက္ခသည်အဖြစ်ရောက်လာချိန်တွင် အသက် ရှစ်နှစ်သာရှိသေးသည်။ ဘေးကင်းလုံခြုံရာ ရှာဖွေရင်း အာဖဂန်နစ်စတန်မှ ထွက်ပြေးသည့်အခါ ခြောက်နှစ်ကြာ ဖခင်နှင့် ခွဲခွာနေခဲ့ရသည်။ ယခုအခါ တက္ကသိုလ်ကျောင်းသူဖြစ်ပြီး သူတစ်ပါး စိတ်အားတက်ကြွလာအောင် စကားပြောကောင်းသူ၊ လူမှုအဖွဲ့အစည်းတွင် တက်ကြွသော စေတနာ့ဝန်ထမ်းတစ်ဦး ဖြစ်ပါသည်၊ မကြာသေးမီက သူမသည် ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အရ နိုင်ငံခြားတွင် တစ်နှစ်တိတိ ပညာသင်ကြားရန် ပညာသင်ဆု ချီးမြှင့်ခြင်းခံရပါသည်။ လူတိုင်းလူတိုင်း လူငယ်ဘဝမှာ ကြုံတွေ့ရသော အခက်အခဲ၊ ဆင်းရဲဒုက္ခများကို ကျော်လွှားနိုင်ပြီး မျှော်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ကြောင်း Wahida က သက်သေပြခဲ့ပြီ ဖြစ်သည်။!**

## ကျမတို့ မိသားစုရဲ့ နောက်ခံဘဝအကြောင်း

ကျမကို အာဖဂန်နစ်စတန်နိုင်ငံမှာ မွေးဖွားပါတယ်။ ကျမတို့ဟာ လူနည်းစုကဖြစ်ပြီး ကျမတို့ယုံကြည်ကိုးကွယ်ရာ ဘာသာအယူဝါဒကြောင့် နှိပ်စက်ညှဉ်းပမ်းမှုကိုကြုံရတဲ့အတွက် အာဖဂန်နစ်စတန်နိုင်ငံက ထွက်ခွာလာခဲ့တာပါ။ ကျမအဖေက ဩစတြေးလျားနိုင်ငံကို ၁၉၉၉ ခုနှစ်မှာ ရောက်ပါတယ်။ သူက ထိန်းသိမ်းရေးစခန်းမှာ ခုနစ်လကြာ နေခဲ့ရပြီး ယာယီနေထိုင်ခွင့် ဗီဇာနဲ့လည်း နှစ်ပေါင်းများစွာ နေခဲ့ရပါတယ်။ ၂၀၀၅ ခုနှစ်မှာ သူ လူသားခြင်း စာနာထောက်ထားမှုဗီဇာ ရခဲ့ပါတယ်။ အဲဒီနောက်မှာ သူ့မိသားစုဝင်တွေဖြစ်တဲ့ ကျမတို့ကို ကမကထပြုပြီး ခေါ်ခဲ့ပါတယ်။ ဒါနဲ့ဘဲ ကျမတို့ စတာလင်မြို့ကို ရောက်ခဲ့ကြပါတယ်။

## ဆယ်ကျော်သက်ဘဝ ကျမ တွေ့ကြုံခဲ့တဲ့ အခက်အခဲ ဆင်းရဲဒုက္ခများ

ဩစတြေးလျားနိုင်ငံမှာ နေထိုင်ဖို့နဲ့ ကြီးပြင်းဖို့မှာ အခက်ခဲဆုံးကတော့ ကျမ အရွယ်ရောက်စ ဆယ်ကျော်သက်အရွယ်မှာ ဖြစ်ပါတယ်။ ကိုယ် ဘယ်သူဘယ်ဝါဆိုတဲ့ အလွန် မတူညီကြတဲ့ နှစ်ခုအကြား ကြီးပြင်းဖို့ ကြိုးစားတာ တကယ်ဆို သိတ်ကို ခက်ခဲလှပါတယ်။ ကျမအထင်က ဒီနေရာမှာ လူအတော်များများဟာ အကူအညီလိုအပ်ပါတယ်။ ကျမထင်တာ ကလေးဘဝမှာ ဒီကိုစပြီး ရောက်လာလာခြင်း လေ့လာသင်ယူမယ်၊ မိတ်ဆွေတွေလည်း အမြန်ဆုံး ဖွဲ့ကြမယ်ပေါ့။ ကိုယ်တိုင် တခြားသူတွေလို ဖြစ်ချင်တာဘဲ ရှိပါတယ်။ ဒါပေမဲ့ ကျောင်းသွားတဲ့အခါ လူတွေက တစ်ယောက်တစ်မျိုးစီ ဖြစ်နေတယ်။ သူတို့က ကိုယ့်ကို လက်ခံမယ်၊ မိတ်ဆွေဖြစ်ချင်ကြတယ်ဆိုရင်တော့ ဘာမှ ပြဿနာမရှိဘူး။ ကိုယ့်အိမ်ကိုယ့်ယာလိုဘဲ ခံစားရတယ်၊ ကိုယ်လည်း သူတို့နဲ့ တစ်ဖွဲ့တည်းပါလားလို့ ခံစားရပါတယ်။

## ကျမအကြံပေးလိုတဲ့ ဒေသအတွင်းက စိတ်သက်သာရာရပြီး အဆင်ပြေတဲ့နေရာများ

စာကြည့်တိုက်တွေက အထူးသဖြင့် ရှင်တို့မှာ ကလေးငယ်တွေ ရှိရင် တကယ့်ကို ကောင်းတဲ့နေရာပေါ့။ သူတို့မှာ ရှင်တို့ ကလေးတွေနဲ့ အတူတူပါဝင်နိုင်တဲ့ သိတ်စိတ်ဝင်စားစရာကောင်းတဲ့ လှုပ်ရှားမှု၊ ကစားနည်းတွေ ရှိပါတယ်။ ပြီးတော့ အင်္ဂလိပ်လို စကားစမြည်ပြောတဲ့ အဖွဲ့တွေလည်း ရှိတယ်။ ကျမက မြို့တော်စည်ပင်သာယာရေးအဖွဲ့ရဲ့ အပန်းဖြေနေရာတွေကိုလည်း အကြံပေးတိုက်တွန်းချင်ပါတယ်၊ သူတို့မှာ လူတိုင်းအတွက် အားကစားအစီအစဉ်တွေ အများကြီး ရှိပါတယ်။ ကျမ ရေကူးသင်တန်းတွေကို သွားတယ်၊ ဩစတြေးလျားမှာ ရေကူးခြင်းက အရေးကြီးတဲ့ ကျွမ်းကျင်မှုတစ်ခု ဖြစ်ပါတယ်။ ကျမရဲ့ အနာဂတ် ရည်မှန်းချက်တစ်ခုက ရေကောင်းကောင်း ကူးတတ်ဖို့ပါ။ စတာလင်မြို့မှာနေရတော့ ကျမတို့ တကယ် ကံကောင်းပါတယ်၊ ဘာလို့လဲဆိုတော့ ကျမတို့မှာ ပင်လယ်ကမ်းခြေရှိတယ်၊ ဥယျာဉ်ပန်းခြံတွေလည်း ရှိတယ်။ ဒီလောက်တောင် အစစအရာရာ ပြည့်စုံအောင်ရှိတဲ့ စတာလင်မြို့ရဲ့ ပေးထားချက်တွေအားလုံးမှာ ပါဝင်လှုပ်ရှားလိုက်ပါ။

## လူမှုအဖွဲ့အစည်းကို ပြန်လည်ပေးဆပ်ခြင်း

ကျမအနေနဲ့ အသစ်ရောက်လာသူတွေကို သူတို့လိုအပ်တာအားလုံး ကျမ တတ်စွမ်းသမျှ အကူအညီပေးပါတယ်။ တကယ်လို့သူတို့က မက်ဒီကဲ ဒါမှမဟုတ် တခြားနေရာတွေကို သွားချင်ကြတယ်ဆိုရင် ကျမ လိုလိုလားလား သူတို့နဲ့ သွားပါတယ်။ လူအတော်များများက ပထမဆုံးအကြိမ် ရောက်ခါစမှာ စိုးရိမ်ကြောက်ရွံ့တဲ့စိတ် ရှိနိုင်ကြတာမို့ အသစ်ရောက်လာကြသူတွေကို ဘဝသစ်စပြီး နေသားကျအောင် ကြိုးစားကြတာမှာ လှုပ်ရှားဆောင်ရွက်မှုတွေ၊ လူမှုရေးဆိုင်ရာ လှုပ်ရှားမှုတွေနဲ့ သင်တန်းတွေကို အများကြီး လုပ်ပေးကြဖို့ သိတ်အရေးကြီးပါတယ်။

## အသစ်ရောက်လာသူများအတွက် ကျမရဲ့ အကြံပေးချက်

ကျမရဲ့အကြံပေးချက်ကို ပြောရမယ်ဆိုရင် ရှင်တို့ ရောက်လာတဲ့အခါ လွတ်လပ်မှုရပြီး ကိုယ့်အတွက် ဝန်ဆောင်မှုတွေ အားလုံးကိုလည်း ရနိုင်တာမို့ စိတ်ထဲမှာ ပေါ့သွားမယ်။ ဒါကြောင့် ရှင်တို့ သိတ်ပျော်နေတယ်လို့ ခံစားရနိုင်တယ်၊ ဒါပေမဲ့လည်း စိတ်ထိခိုက်ဖို့လည်း သိတ်ကို လွယ်ပါတယ်။ ကျမထင်တာက ဒါဟာ သဘာဝအလျောက် စိတ်ခံစားမှု အတက်အကျ ဖြစ်စဉ်တစ်ခုပါ။ အရေးကြီးတာက ရှင်တို့ အခုတွေ့ကြုံနေရတဲ့ အခက်အခဲတွေ ဒါမှမဟုတ် ပြဿနာတွေဟာ အချိန်တန်ရင် ပြေလည်သွားမှာပါ၊ ဒီတော့ သိတ်စိတ်မပူပါနဲ့။ ဩစတြေးလျားနိုင်ငံဟာ အင်မတန်လှပသာယာပြီး တကယ်လို့ ရှင်တို့ အလုပ်ကြိုးစားမယ်ဆိုရင် အခွင့်လမ်းတွေ အများကြီးရှိပါတယ်။ ကိုယ်က အဲဒီအခွင့်အရေးကို လက်လွှတ်မခံဖို့နဲ့ ပထမခြေလှမ်း စလှမ်းဖို့သာ လိုရင်းပါ။ လွတ်လွတ်လပ်လပ်နေပါ၊ ပြီးတော့ ကိုယ့်ဆန္ဒရှိတာကို လုပ်ပါ။

# လူငယ်များအတွက် ဝန်ဆောင်မှုများ

လူငယ်များအတွက် အခြေချနေထိုင်ရေးတွင် သူတို့၏မိဘများနှင့် မတူဘဲ ခြားနားပါလိမ့်မည်။ လူငယ်များကို အာရုံစိုက်ပြီး ကျွန်ုပ်တို့ လူမှုအဖွဲ့အစည်းတွင် ကူညီပံ့ပိုးရန် သူတို့နှင့် အလုပ်လုပ်သည့် ဝန်ဆောင်မှုများ ရှိပါသည်။ ယင်းတို့အထဲတွင် ပါဝင်သည်များမှာ -

## ရေကူးသင်တန်းများ (Swimming Lessons)

ဒေသတွင်းရှိသည့် ရေကူးသင်တန်းများနှင့် ပတ်သက်သော အချက်အလက်များကို ရှာပြီး သင်တို့ ကလေးများနေ့အတွက် ပျော်ရွှင်မှုများ ပေးလိုက်ပါ။

ပိုမိုသိလိုပါက www.stirling.wa.gov.au/lts ကိုဖွင့်ဖတ်ပါ။

## ဘတ်စ်ကားပေါ်မှာ

ဤစိတ်လှုပ်ရှားဖွယ်ရာ ၁၁ နှစ်မှ ၁၅ နှစ်အရွယ် ကလေးများအတွက် ကျောင်းပိတ်ရက် အစီအစဉ်မှာ မြို့ပတ်ဝန်းကျင်တွင် လုပ်ဆောင်သည့် လှုပ်ရှားမှုများတည်နေရာသို့ လိုက်လံပို့ဆောင်ပါသည်။

**တယ်လီဖုန်း** (08) 9205 8569
**ဝက်ဘ်ဆိုက်** www.stirling.wa.gov.au/children
**အီးမေးလ်** children@stirling.wa.gov.au

## လူငယ် အစီအစဉ်များနှင့် လှုပ်ရှားဆောင်ရွက်မှုများ

စတာလင်မြို့တော် စည်ပင်သာယာရေးအဖွဲ့က လူငယ်များအတွက် သီးသန့်အဖြစ် အဆက်အသွယ်ရကြရန်၊ အချင်းချင်း နားလည်သဘောပေါက်ရန်နှင့် ပျော်ရွှင်မှုကို ခံစားနိုင်ကြစေရန် အစီအစဉ်များ၊ လူမှုအဖွဲ့အစည်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ၊ ပွဲတော်များ၊ ကျန်းမာရေး ဝန်ဆောင်မှုများနှင့် အစုအဖွဲ့များ စီစဉ်ပြုလုပ်ပေးပါသည်။

ပိုမိုသိလိုပါက www.stirling.wa.gov.au/youth ကိုဖွင့်ဖတ်ပါ။

## Headspace Osborne Park

စိတ်ပိုင်းကျန်းမာရေး၊ ကိုယ်ခန္ဓာ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် ပညာသင်ကြားရေးဆိုင်ရာ အားပေးကူညီမှုနှင့် အရက်သေစာနှင့် မူးယစ်ဆေးဝါးဆိုင်ရာ ဝန်ဆောင်မှုများနှင့်ဆိုင်သော ကဏ္ဍများတွင် ရှိနေသော (၁၂ နှစ်အရွယ်မှ ၂၅ နှစ်အရွယ်) လူငယ်များ၊ သူတို့၏ မိသားစုများနှင့် မိတ်ဆွေများအတွက် သိကောင်းစရာများနှင့် ဝန်ဆောင်မှုများ ပံ့ပိုးပေးသည်။

**တယ်လီဖုန်း** (08) 9208 9555
**ဝက်ဘ်ဆိုက်** www.headspace.org.au

## ဩစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ် ယဉ်ကျေးမှုမျိုးစုံ လူငယ်များအတွက် ကိုယ်စားပြုပေးရေးဆိုင်ရာ ကွန်ယက် (Multicultural Youth Advocacy Network WA)

ဤအဖွဲ့အစည်းသည် ဒုက္ခသည်နှင့် ပြောင်းရွှေ့အခြေချသူ နောက်ခံများမှလာကြသည့် လူငယ်များ၏ ကျွမ်းကျင်မှုများကို တိုးမြှင့်ပေးသည့် အစီအစဉ်များကို စီစဉ်ဆောင်ရွက်ပေးသည်။ သူတို့သည် ယဉ်ကျေးမှုမျိုးစုံ လူငယ်များအပိုင်းတွင် တွေ့ကြုံနေရသည့် အခက်အခဲ ပြဿနာများကို ဖြေရှင်း ဆောင်ရွက်ပေးပါသည်။

ပိုမိုသိလိုပါက www.myanwa.com ကိုဖွင့်ဖတ်ပါ။

## ဩစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ် လူငယ်များအတွက် အနာဂတ် (Youth Futures WA)

မီရာဘွတ်ခါ ယဉ်ကျေးမှုမျိုးစုံဆိုင်ရာ ဌာန (Mirrabooka Multicultural Centre) တွင် လူငယ်များအတွက် ပညာရေးနှင့် ပံ့ပိုးရေး အစီအစဉ်များတွင် အခွင့်အလမ်းများ ဆောင်ရွက်ပေးသည်။ သူတို့က အသစ်ရောက်လာကြသော လူငယ်များအား ပံ့ပိုး ကူညီရန်အတွက် ယဉ်ကျေးမှုမျိုးစုံဆိုင်ရာ ဝန်ဆောင်မှု ပေးပါသည်။

**တယ်လီဖုန်း** (08) 9300 2677
**ဝက်ဘ်ဆိုက်** www.youthfutureswa.org.au




Henna

အခန်း ၃။

# အခြေချပြီး မိမိ၏ လူမျိုးစုအဖွဲ့အစည်းတွင် ပါဝင်လှုပ်ရှား ဆောင်ရွက်ခြင်း

*မိမိရဲ့ လူမျိုးစုအဖွဲ့အစည်းမှာ တက်ကြွစွာ ပါဝင်လှုပ်ရှားပါ၊ ထိုမှတဆင့် အခြား လူမျိုးစု အဖွဲ့အစည်းများနဲ့ ဆက်သွယ်နိုင်ပြီး အခြေချနိုင်မှာ ဖြစ်ပါတယ်။*

ဂျင်မီ ဟန် လန်ဂလ် **(Jimmy Han Langle)**၊ အစပထမ မြန်မာနိုင်ငံက၊ ယခု အောင်မြင်သော တက္ကသိုလ်ကျောင်းသားနှင့် တက်တက်ကြွကြွ လုပ်ဆောင်သော လူမှုအဖွဲ့အစည်းဝင်။

# အလုပ်အကိုင်ရရှိရေး၏ လမ်းစအဖြစ် စေတနာ့ဝန်ထမ်း လုပ်အားပေးခြင်း



အန်ဒရေယာ ခရီယေဒို (Andrea Creado) သည် စတာလင်မြို့တွင် အခြေစိုက်သော ယဉ်ကျေးမှုမျိုးစုံ အမျိုးသမီးများ ကျန်းမာရေးဌာနဖြစ်သော အီရှာ (Ishar) ၏ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ (CEO) ဖြစ်သည်။ လွန်ခဲ့သော ၁၆ နှစ်ကြာကာလတွင် အိန္ဒိယနိုင်ငံမှလာခဲ့စဉ်က အခြား များစွာသော အသစ်ရောက်လာကြသူများကဲ့သို့ပင် အလုပ်ရရှိရေး၊ အိမ်ဝယ်နိုင်ရေးနှင့် ယဉ်မောင်းလိုင်စင် ရရှိရေးတို့အတွက် အလွန် စိတ်ပူပင်ခဲ့ရပါသည်။ Andrea သည် စာကို ပြန်သင်ကြားပြီး လူမှုအဖွဲ့အစည်း၏ တက်တက်ကြွကြွ အလုပ်လုပ်သော စေတနာ့ဝန်ထမ်း ဖြစ်ပါသည်။ Andrea အတွက် အခြေချခြင်း၏ အစနှင့် မိမိအိမ်ရာမှာလို ခံစားရခြင်းသည် အဆက်အသွယ်ရှိခြင်းနှင့် ရနိုင်သော ဌာနေ လူမှုအဖွဲ့အစည်း၏ ဝန်ဆောင်မှု အားလုံးနှင့် ချိတ်ဆက်အသုံးပြုခြင်း ဖြစ်ပါသည်။

## ဩစတြေးလျားနိုင်ငံတွင် နေထိုင်မှုဘဝနှင့် စိန်ခေါ်မှု အခက်အခဲများကို ထိန်းညှိခြင်း

ကျမ အိန္ဒိယနိုင်ငံမှာ ဆွေးနွေးအကြံပေးသူအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၁ ခုနှစ်မှာ ဩစတြေးလျားနိုင်ငံကို ရောက်လာခဲ့ပါတယ်။ ကျမ လေ့လာသင်ကြားခဲ့တဲ့ ဘာသာရပ်ကတော့ လူသားများ ဖွံ့ဖြိုး တိုးတက်ရေးနဲ့ စိတ်ပညာ တို့ဖြစ်ပါတယ်။ ကျမရဲ့ခင်ပွန်းသည်ရယ်၊ သမီးတို့ရယ်နဲ့အတူ ရောက်ခဲ့တာပါ။ ကျမဒီကိုရောက်ပြီး ပထမ သုံးလမှာ အလုပ်ပေါင်း ၁၀၀ လောက် လျှောက်ထားခဲ့ပါတယ်၊ ဒါပေမဲ့ အများ သိကြတဲ့အတိုင်းပါဘဲ အရည်အချင်းဆိုင်ရာ လက်မှတ်တွေနဲ့ ဘယ်လိုဘဲ ပြောင်းရွှေ့အခြေချသည်ဖြစ်ပါစေ အဲဒီ အရည်အချင်းဆိုင်ရာ လက်မှတ်တွေကို ဒီမှာ အသိအမှတ်မပြုပါဘူး။ ဒါနဲ့ ကျမ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီကိုသွားမေးတော့ ကျမ အရည်အချင်း ပြည့်မီဖို့ ပြန်လုပ်ရမယ်လို့ သိရပါတယ်။ ကျမ တက္ကသိုလ်ပြန်တက်ပါတယ်၊ ပြီးတော့ စေတနာ့ဝန်ထမ်း လုပ်နိုင်မယ့် အခွင့်အလမ်းတွေကို ရှာပါတယ်၊ ကျမ အလုပ်အကိုင်နဲ့ပတ်သက်ပြီး အဲဒီလို လှမ်းခဲ့ရတာပါ။ ကျမအတွက် Ishar မှာ အလုပ်လုပ်တာ စေတနာ့ဝန်ထမ်းဘဝကနေ အချိန်ပိုင်း စီမံကိန်း အရာရှိဖြစ်လာခဲ့ပြီး ၂၀၀၇ ခုနှစ်မှာတော့ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ (Chief Executive Officer) (CEO) ဖြစ်လာပါတယ်။

## ကျမ စတာလင်မြို့မှာနေရတာကို နှစ်သက်ရတဲ့အကြောင်း

ကျမ စတာလင်မြို့မှာနေလာတာ အခုဆိုရင် ၁၄ နှစ်လောက်ရှိပါပြီ၊ နှစ်သက်ရတဲ့အကြောင်းမှာ ပထမဆုံးက အပန်းဖြေစရာနေရာတွေ အလွန်ဘဲ ကောင်းပါတယ်။ ကျမတို့ဆီမှာ အမြဲ ပြုပြင်ထိန်းသိမ်းနေပြီး သွားလာဖို့ လွယ်ကူတဲ့ ဥယျာဉ်ပန်းခြံတွေနဲ့ ပင်လယ်ကမ်းခြေတွေ ရှိလို့ ကိုယ့်မှာ ကလေးတွေရှိရင် သိတ်အဆင်ပြေပါတယ်။ စတာလင်မြို့တော် စည်ပင်သာယာရေး ကော်မီတီက အကယ်သွားဖို့ကောင်းတဲ့ အခမဲ့ လူမှုရေးဆိုင်ရာ ဆောင်ရွက်လှုပ်ရှားမှုတွေ၊ တေးဂီတ ဖျော်ဖြေပွဲတွေ၊ အနုပညာပြပွဲတွေ ကျင်းပပေးပါတယ်။ ကျမတို့က စာကြည့်တိုက်ကို အမြဲတန်းလိုလို အသုံးပြုပြီး ကျမရဲ့သမီးက စာဖတ်တာ သိတ်ဝါသနာပါလို့ တကယ်ကို ကောင်းပါတယ်။

အပန်းဖြေစရာ နေရာတွေအားလုံး၊ ကစားစရာတွေ စုဆောင်းထားတဲ့နေရာတွေ၊ ရေကူးကန်တွေ၊ အပန်းဖြေနေရာတွေ၊ ကျမတို့ မကြာမကြာ အသုံးပြုပါတယ်။ သိတ်အဆင်ပြေပြီး ဒီမှာ တကယ့်ကို နေထိုင်လို့ ကောင်းပါတယ်။

## လူသစ်များအတွက် ကျမရဲ့ အကြံပေးချက်

ဒီကို အသစ်ရောက်လာခါစမှာ အကောင်းဆုံးလုပ်နိုင်တာက ရနိုင်တဲ့ ဝန်ဆောင်မှုတွေအားလုံးနဲ့ အကျွမ်းတဝင် ရှိဖို့လိုအပ်ပါတယ်။ ဒီဝန်ဆောင်မှုတွေနဲ့ ဆက်သွယ်နေဖို့ တကယ်ကောင်းပါတယ်၊ ပြောရရင် စာကြည့်တိုက်ကိုလာ၊ အဖွဲ့ဝင်ဖြစ်အောင်လုပ်၊ ဝန်ဆောင်မှုတွေ စပြီး အသုံးပြုပါ။ ကိုယ်က ဝန်ဆောင်မှုတွေနဲ့ မြန်မြန် စပြီး အသုံးပြုလေလေ၊ အဆက်အသွယ်ရှိနေတာ ပိုပြီး ခံစားမိလေလေဖြစ်ပြီး၊ ကိုယ်တိုင်ပါဝင် ပတ်သက်နေသလိုဖြစ်လာပြီး ဒီမှာ အလုပ်လုပ်တဲ့သဘောကို စပြီးနားလည်လာပါလိမ့်မယ်။ ကိုယ်အခြေချနေထိုင်ဖို့နဲ့ ကိုယ့်အတွက် ရနိုင်တာတွေကို ရှာဖွေတာမှာ အကူအညီ ဖြစ်စေပါလိမ့်မယ်။ ရှင်တို့အတွက် ကျွမ်းကျင်မှုအသစ်တွေ ရွေးပြီးသင်ယူနိုင်တယ်၊ ပညာသင်ကြားဖို့၊ စေတနာ့ဝန်ထမ်းလုပ်ပေးဖို့၊ ပြီးတော့ ကိုယ့်ရဲ့ ပညာရပ် အသစ်ကို စပြီး လုပ်ကြည့်ဖို့ အခွင့်လမ်းတွေလည်း ရှိပါတယ်။ လူသစ်တွေအတော်များများမှာ နိုင်ငံအသစ်မှာ အခြေချဖို့နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးစားကြတဲ့အခါ စိတ်ပူပန် သောကရောက်တာကို ကျမ နားလည် သဘောပေါက်ပါတယ်။ ဒီလူတွေကို စိတ်ရှည်ရှည်ထားကြဖို့ ပြီးတော့ အင်္ဂလိပ်စာသင်ကြားရေးနဲ့ ဒေသက ယဉ်မောင်းလိုင်စင်ကို ရယူဖို့စတဲ့ လက်တွေ့ကျပြီး တတ်စွမ်းနိုင်တဲ့ ရည်မှန်းချက်တွေ ထားဖို့ အားပေးတိုက်တွန်းချင်ပါတယ်။

## အမျိုးသမီးများနဲ့ သူတို့ရဲ့ မိသားစုများကို ကူညီပံ့ပိုးခြင်း

Ishar က ကမ္ဘာလေးခုမှာ ဝန်ဆောင်မှုတွေပေးတဲ့ ယဉ်ကျေးမှုမျိုးစုံ အမျိုးသမီးများ ကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းဖြစ်ပါတယ်။ ပထမဆုံး ကျမတို့ မျိုးပွားခြင်းဆိုင်ရာ ကျန်းမာရေး စစ်ဆေးမှုတွေနဲ့ ကူညီပံ့ပိုးမှုတွေ လုပ်ပေးပါတယ်။ ကျမတို့မှာ ဆရာဝန်၊ ဝမ်းဆွဲ၊ စိတ်ပညာရှင်၊ ဆွေးနွေးအကြံပေးသူနှင့် လေ့ကျင့်ခန်း အစီအစဉ်တွေ ရှိပါတယ်။ ကျမတို့ဆီမှာ ကလေးငယ်ရှိတဲ့မိခင်တွေကို အဖွဲ့ထဲမှာပါဖို့၊ တခြားမိခင်တွေနဲ့ စကားစမြည်ပြောဖို့၊ ဩစတြေးလျားနိုင်ငံမှာ မိဘဖြစ်ရခြင်းရဲ့ အခက်အခဲပြဿနာတွေအကြောင်း လေ့လာသင်ယူဖို့ ဆိုတဲ့ မိသားစုကို ကူညီပံ့ပိုးတဲ့ အစီအစဉ်တွေလည်း ဆောင်ရွက်ပေးပါတယ်။ ကျမတို့ဟာ အသက်ကြီး အမျိုးသမီးတွေ၊ မိသားစုအတွင်း အကြမ်းဖက်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့ အမျိုးသမီးတွေနဲ့ မိသားစုကိုထိန်းသိမ်းရာမှာ အခက်အခဲအကြပ်အတည်း တွေ့နေကြရတဲ့ အမျိုးသမီးတွေအတွက် အပါအဝင် တခြား ကူညီပံ့ပိုးတဲ့အဖွဲ့တွေ များစွာ ဆောင်ရွက်ပေးပါတယ်။

## အမျိုးသားများနှင့် အမျိုးသမီးများအတွက် ဝန်ဆောင်မှုများ

ဒေသက ဝန်ဆောင်မှုတွေကို မြန်မြန်စပြီး အသုံးပြုနိုင်လေလေ၊ အဆက်အသွယ်ရှိနေတာ ပိုပြီး ခံစားမိပြီး ကိုယ်တိုင်ပါဝင် ပတ်သက်နေသလို ဖြစ်လာပါလိမ့်မယ်။ အလုပ်လုပ်တဲ့သဘောကို နားလည်ဖို့ အကူအညီ ဖြစ်စေပါလိမ့်မယ်။ ကိုယ်အခြေချနေထိုင်ဖို့မှာ အကူအညီ ဖြစ်စေပါလိမ့်မယ်။

### စတာလင် အမျိုးသမီးများဆိုင်ရာ ဌာန (Stirling Women's Centre)

မမျှော်လင့်သော ဘေးအန္တရာယ် ကြုံတွေ့ချိန်တွင် လုံခြုံစိတ်ချရသော နေရာထိုင်ခင်းစီစဉ်ပေးပြီး မိသားစုအတွင်း အကြမ်းဖက်မှု ကြုံတွေ့ကြရသော အမျိုးသမီးများနှင့် ကလေးများအတွက် ဆွေးနွေးအကြံပေးခြင်း ပြုလုပ်ပေးသည်။

**တယ်လီဖုန်း** (08) 9205 7375
**ဝက်ဘ်ဆိုက်** www.stirling.wa.gov.au

### Kaleidoscope Initiative

Kaleidoscope Initiative သည် အသစ်ရောက်လာသူများ သူတို့၏ ကျွမ်းကျင်ရာလုပ်ငန်းနယ်ပယ်တွင် အလုပ်အကိုင်ကောင်း ရရှိစေရေးအတွက် ကူညီပံ့ပိုးမှုပေးသည်။ အဖွဲ့ဝင်များ ရင်းမြစ်များနှင့်ကွန်ယက်များကို ဆက်သွယ် အသုံးပြုနိုင်စေရေးအတွက် လူမှုအဖွဲ့အစည်း ယဉ်ကျေးမှုအဖွဲ့အစည်းများနှင့် တွဲဖက် ပူးပေါင်းဆောင်ရွက်သည်။

ပိုမိုသိလိုပါက www.kaleidoscopeinitiative.com.au ကိုဖွင့်ဖတ်ပါ။

### Ishar ယဉ်ကျေးမှုမျိုးစုံ မျိုးသမီးများအတွက် ကျန်းမာရေးဌာန (Multicultural Women's Health Centre)

ယဉ်ကျေးမှုအရ အမျိုးသားများ ဆောင်ရွက်ရန် မသင့်တော်သော ကျန်းမာရေးဝန်ဆောင်မှုများကို အမျိုးသမီးများနှင့် မိသားစုများအတွက် အမျိုးသမီးများက ဆောင်ရွက်ပေးပါသည်။

**တယ်လီဖုန်း** (08) 9345 5335
**ဝက်ဘ်ဆိုက်** www.ishar.org.au

### အမျိုးသမီးများနှင့် အမျိုးသားများအတွက် မိသားစုအတွင်း အကြမ်းဖက်မှုဆိုင်ရာ အကူအညီဖုန်းလိုင်း (Women's and Men's Domestic Violence Helpline)

မိသားစုအတွင်း အကြမ်းဖက်မှု ကြုံတွေ့နေကြရသော အမျိုးသမီးများနှင့် အမျိုးသားများအတွက် ဖုန်းလိုင်းတစ်ခုနှင့်အတူ ဥပဒေရေးရာ အကြံဉာဏ်ပေးခြင်း၊ နေရာထိုင်ခင်းနှင့် ကူညီပံ့ပိုးမှုဆိုင်ရာ ဝန်ဆောင်မှုများ

**တယ်လီဖုန်း**

အမျိုးသမီးများအတွက် အကူအညီ ဖုန်းလိုင်း Women's helpline: (08) 9223 1188

အမျိုးသားများအတွက် အကူအညီ ဖုန်းလိုင်း Men's helpline: (08) 9223 1199

**ဝက်ဘ်ဆိုက်** www.dcp.wa.gov.au

### အမျိုးသားများအတွက် ခိုနားရာ အသင်း (Men's Shed Association)

အဓိပ္ပါယ်ရှိသော သုတေသနလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ဘေးကင်းလုံခြုံပြီး ရင်းနှီးဖော်ရွေစွာနှင့် နွေးထွေးစွာကြိုဆိုသည့် အမျိုးသားများအားလုံး လာရောက်နိုင်သော အဖွဲ့အစည်း

**တယ်လီဖုန်း** 0438 388 337
**ဝက်ဘ်ဆိုက်** www.mensshedswa.org.au

## အလုပ်အကိုင် နှင့် စေတနာ့ဝန်ထမ်းဆောင်ရွက်ခြင်း

### မာစီကဲ – အလုပ်သမားအင်အား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဌာန – အသက်မွေးမှုလုပ်ငန်း ဌာန (MercyCare – Workforce Development Centre – The Career Centre)

ယဉ်ကျေးမှုမျိုးစုံ လူမှုအဖွဲ့အစည်းအား လေ့ကျင့်သင်ကြားရေးနှင့် ရွေးချယ်စရာ အလုပ်များ ကူညီပံ့ပိုးခြင်း

**တယ်လီဖုန်း** (08) 6298 9888
**ဝက်ဘ်ဆိုက်** www.mercycare.com.au

### အလုပ်အကိုင် ရှာဖွေရရှိနိုင်ခြင်း (မသန်မစွမ်းမှု တစ်ခုခုရှိသူများ) (Job Access) (Disabilities)

မသန်မစွမ်းမှု တစ်ခုခုရှိသူများနှင့် သူတို့၏အလုပ်ရှင်များအတွက် မှီငြမ်းကိုးကားစရာ အသုံးပြုစရာ အရင်းအမြစ် အမျိုးမျိုး ပံ့ပိုးပေးခြင်း

**တယ်လီဖုန်း** 1800 464 800
**ဝက်ဘ်ဆိုက်** www.jobaccess.gov.au

### စတာလင်မြို့တော် စည်ပင်သာယာရေးနယ်မြေအတွင်း စေတနာ့ဝန်ထမ်းလုပ်ပေးခြင်း (Volunteering in the City of Stirling)

စတာလင်အဖွဲ့ အဖွဲ့ဝင်အဖြစ်မည်ကဲ့သို့ ပါဝင်နိုင်မည်ကိုလည်းကောင်း၊ သင်၊ သင့် လူမှုအဖွဲ့အစည်းနှင့် မြို့တော်စည်ပင်သာယာရေး ဝန်ဆောင်မှုများကို မည်သို့ အကျိုးပြုသည် ဆိုသည်ကိုလည်းကောင်း ရှာဖွေပါ။

ပိုမိုသိလိုပါက www.stirling.wa.gov.au/Volunteer ကိုဖွင့်ဖတ်ပါ။

### ဩစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ် စေတနာ့ဝန်ထမ်းလုပ်ပေးခြင်း (Volunteering WA)

သင့်အား စေတနာ့ဝန်ထမ်း ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် ကူညီပံ့ပိုးမှုကို ဆက်သွယ်ပေးသည်၊ သင့် လူမှုအဖွဲ့အစည်းတွင် ပါဝင်ရန် အလွန်ကောင်းသော နည်းလမ်းဖြစ်ပါသည်။

**တယ်လီဖုန်း** (08) 9482 4333
**ဝက်ဘ်ဆိုက်** www.volunteeringwa.org.au

# တက်တက်ကြွကြွရှိပြီး မိမိ၏လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခြင်း




ဘယ်လာ ဟင်ဒေယိ(က်)ကဇေ (Bella Ndayikeze) သည် တန်ဇားနီးယားမှ ဒုက္ခသည်အဖြစ် ရောက်လာစဉ်က အသက် ခုနစ်နှစ်သာ ရှိသေးသည်။ ထိုက်သည့်အားလျော်စွာပင် Bella အနေနှင့် ယဉ်ကျေးမှုအသစ်နှင့် ထိန်းညှိလုပ်ဆောင်ဖို့မှာ အခက်အခဲပြဿနာဖြစ်သော်လည်း သူမသည် ကြံ့ကြံ့ခံပြီး ဘယ်အခါမှ အရှုံးမပေးခဲ့ပါ။ ယခု ၁၂ နှစ် ကြာပြီးနောက် Bella သည် လူငယ်ခေါင်းဆောင် ဖြစ်ပြီး တီထွင်ဖန်တီးမှုဆိုင်ရာ မီဒီယာတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခု မကြာသေးမီက ဖွင့်လှစ်ခဲ့သူ ဖြစ်ပါသည်။ Edmund Rice Centre တွင် သူမ အပင်ပန်းခံပြီး ဖွဲ့နှင့်ဆောင်ရွက်မှုဖြင့် လူမှုအဖွဲ့အစည်းများနှင့် လူငယ်များအား ပေါင်းစည်းနိုင်ခဲ့ပါသည်။

## ဘူရွန်ဒီမှ စတာလင်မြို့တော်သို့

ကျမကို ဘူရွန်ဒီတွင် မွေးဖွားပါတယ်။ တစ်နှစ်နေထိုင်ပြီး စစ်ဖြစ်ပွားတဲ့အတွက် ကျမရဲ့မိခင်နဲ့အတူ တန်ဇားနီးယားနိုင်ငံက ဒုက္ခသည်စခန်းကို ပြောင်းရွှေ့အခြေချခဲ့ပါတယ်။ အခြေခံအားဖြင့် ကျမဟာ အဲဒီနေရာမှာ ကလေးဘဝ တစ်လျှောက်လုံးနီးပါး နေခဲ့ရတာဖြစ်လို့ ဖြစ်ပျက်နေသမျှ အရာအားလုံးနီးပါးကို ကျမ တွေ့မြင်ခဲ့ရပါတယ်။ အလွန်ဘဲ စိတ်မချမ်းမွေ့ဘွယ်ရာ အတွေ့အကြုံ ဖြစ်ပါတယ်။ ဒီကို ရောက်လာရုံနဲ့ဘဲ ဘဝအတွေ့အကြုံတစ်ခုလုံး၊ အလုပ်လုပ်နိုင်တဲ့ အခွင့်အလမ်းတွေ၊ မိန်းကလေးငယ်တစ်ယောက်က ကိုယ်မလုပ်မဖြစ် လုပ်ချင်တဲ့အလုပ်ကို လွတ်လပ်စွာ လုပ်ခွင့်နဲ့ အားကစားလုပ်နိုင်ခွင့်တွေ ရခဲ့ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကိုယ်က ဒုက္ခသည်စခန်းမှာ အမျိုးသမီးတစ်ယောက် ဖြစ်နေရင် ဒီလို လွတ်လပ်ခွင့် မရပါဘူး။ အခုအခါမှာ ကျမမှာ ကိုယ့်ကိုကိုယ် ယုံကြည်မှု တည်ဆောက်ခြင်း၊ ဘဝအကြောင်း လေ့လာခြင်းနဲ့ ကိုယ့်အတွက်ကိုယ် ရင်ဆိုင်နိုင်စွမ်း ဆိုတဲ့အကြောင်းတွေပါတဲ့ ခေါင်းဆောင်မှု အစီအစဉ် ရှိပါတယ်။ ကိုယ် ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ပြောင်းလဲစရာ မလိုတဲ့အတွက် ကိုယ့်ဘာသာ ကိုယ်ပါဘဲ။

## မြို့နယ်အတွင်းမှာ အလုပ်လုပ်ရတာကို ကြိုက်နှစ်သက်ရသည့်အကြောင်း

စတာလင်မြို့မှာ အလုပ်လုပ်ရတာကို ကြိုက်တာတစ်ချို့က သူတို့ဟာ ကိုယ့်ကို နွေးထွေးစွာ လက်ခံကြလို့ပါဘဲ။ ကျမ Edmund Rice Centre မှာ အလုပ်လုပ်ပါတယ်။ စတာလင်မြို့တော် စည်ပင်သာယာရေးအဖွဲ့က ဘယ်နည်းနဲ့ဘဲဖြစ်ဖြစ် ကျမတို့ကို အကူအညီ ပေးချင်တဲ့စိတ် အမြဲတန်းရှိပါတယ်။ သူတို့ ကြီးကျယ်တဲ့ လူမှုရေးဆိုင်ရာ ဆောင်ရွက်လှုပ်ရှားမှုတွေ၊ NAIDOC week လို အခန်းအနားတွေ ရှိတယ်၊ ပြီးတော့ လူတိုင်းကို ပါဝင်လုပ်ဆောင်စေတယ်ဆိုတာ ကျမသိတယ်။ ကျမတို့ စီမံကိန်းတွေ အတူတူ လုပ်ကြတယ်၊ သွားချင်ရင် Beat Ball ဆိုတာရှိတယ်၊ အဲဒါက ဘတ်စကက်ဘော ပြိုင်ပွဲ ဖြစ်ပါတယ်။ သူတို့က စတာလင်မြို့ထဲကလူတွေကိုသာ ဝန်ဆောင်မှုပေးတာမဟုတ်ဘူး။ ဒါပေမဲ့သူတို့က လူငယ်တွေရဲ့ အနာဂတ်၊ အခြေခံအဆောက်အအုံအတွက် ဘာတွေများလိုအပ်မယ်ဆိုတာ ကြည့်ပါတယ်။ ပြီးတော့ ဒီမီရာဘွတ်ခါမှာ မိသားစု ဝန်ဆောင်မှုတွေ ရှိတာ သိတ်ကောင်းပါတယ်။ ဒီတော့ ကျမ ဒီမှာနေရတာ ပျော်ပါတယ်၊ လူတွေကလည်း ဒီမှာ အများကြီး။ ဒီနေရာဟာ တကယ့်ကို လူတိုင်းလာကြဖို့ ကြိုဆိုနေတဲ့နေရာပေါ့။

## ကျမရဲ့ ရည်မှန်းချက်တွေ

ကျမအနေနဲ့ အခွင့်အလမ်းတွေရပြီး လက်မလည်အောင် လုပ်နေရတာကို သိတ်ပျော်ပါတယ်။ ကျမဟာ ကိစ္စရပ်ဆိုင်ရာတွေကို ဆွေးနွေးပြီး ဘယ်လို တိုးတက်ကောင်းမွန်အောင် လုပ်ကြမယ်ဆိုတာ ရှုမြင်တဲ့ ဆန်းသစ်တီထွင်မှုဆိုင်ရာ အဖွဲ့ (Perth Global Shapers Group) မှာ တစ်ဦးအပါအဝင် ဖြစ်ပါတယ်။ ကျမက တကယ်ဘဲ ကျမရဲ့ ကိုယ်ပိုင်လုပ်ငန်းဖြစ်တဲ့ (Ignite Creative Media) မှာ အလုပ်လုပ်ပြီး ရေရှည်တည်တန့်အောင် ဆက်လုပ်လိုပါတယ်။ ပြီးတော့ ဒါဟာ ကျမအတွက် အကျိုးအမြတ်တစ်ခုတည်းသာ မဟုတ်ပါဘူး၊ လူတွေကို မီဒီယာလောက၊ ဆိုရှယ်မီဒီယာတို့နဲ့ ဆက်စပ်ကြရာမှာ ကူညီပံ့ပိုးမှု ပေးနိုင်ဖို့လည်း ပါပါတယ်။

## အသစ်ရောက်လာသူများအတွက် ကျမရဲ့ အကြံပေးချက်

အခွင့်အရေးတွေကို လက်လွတ်မခံဖို့ လိုအပ်တယ်လို့ ကျမတကယ့်ကို ယုံကြည်ပါတယ်။ နေရာအသစ်တစ်ခုမှာ နေဖို့ သိတ်ခက်ခဲပြီး ပါဝင်ပူးပေါင်းဖို့ဆိုတာ မလွယ်ဘူးဆိုတာ ကျမသိပါတယ်၊ ဒါပေမဲ့ ရှင်တို့ကို ကူညီမဲ့သူတွေ အမြဲတန်းရှိနေပါတယ်။ ကိုယ့်ကိုကိုယ် ဘယ်တော့မှ လူစိမ်းတစ်ယောက်လို ဒါမှမဟုတ် ကိုယ့်ကို ဒီနေရာက လက်မခံဘူးလို့ မခံယူပါနဲ့။ ရှင်တို့ကို သိတ်ပြီး ကြိုဆိုလက်ခံပါတယ်၊ ဒါက ရှင်တို့ရဲ့ အခြေခံအားဖြင့် ဘဝသစ်ပါ၊ ဝမ်းသာ ကျေးဇူးတင်လိုက်ပါ၊ ပါဝင်လုပ်ဆောင်ပါ၊ အိမ်မှာဘဲနေပြီး စိတ်ညစ်နေတာတွေ မလုပ်ပါနဲ့။ အင်္ဂလိပ်ဘာသာစကားက ဒုတိယဘာသာစကားဖြစ်ပေမဲ့ ဒါက ကိုယ် ပါဝင်လုပ်ဆောင်တာတို့၊ စိတ်ပျော်ရွှင်မှု ခံစားတာတို့၊ သြစတြေးလျှန်း ယဉ်ကျေးမှုရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် တတ်စွမ်းသမျှ ပါဝင်နိုင်တာတို့မှာ အတားအဆီး မဖြစ်သင့်ပါဘူး။

## ဝန်ဆောင်မှုများ

လူမှုအဖွဲ့အစည်းဆိုင်ရာ အသင်းအဖွဲ့များ၊ အစုအဖွဲ့များ၊ သင်တန်းများနဲ့  လုပ်ရှားဆောင်ရွက်မှုများမှာ တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်ခြင်းဟာ ကိုယ့်အတွက် ပျော်ရွှင်မှု ခံစားဖို့ အကူအညီဖြစ်စေပြီးတော့ ရှင်တို့ကို လူမှုအဖွဲ့အစည်းမှာ ပါဝင်ပတ်သက်တာကို ခံစားရစေနိုင်ပါတယ်။

### BeatBall

BeatBall ကို လ၏နောက်ဆုံး သောကြာနေ့တွင် ကျင်းပပါသည်။ လူငယ်များသည် မိတ်ဆွေဖြစ် သုံးယောက်ချင်း ဘတ်စကက်ဘော ပြိုင်ပွဲများ (three-on-three basketball matches) ကို ဒေသခံ တေးဂီတ တင်ဆက်သူ (DJ) ၏ နောက်ခံတေးဂီတ ဖျော်ဖြေမှုဖြင့် ပျော်ရွှင်မှု ခံစားနိုင်ကြပါသည်။ လာခဲ့ပြီး အဖော်ပြုခြင်း၊ တေးဂီတ၊ ဘတ်စကက်ဘောနှင့် ပူပူနွေးနွေးကင်ထားသော အသားသွတ် အူချောင်း တို့ကို ခံစားလှည့်ပါ။

ကုန်ကျမည့်ငွေ – ငွေအကြေးများ အလျှုဒါနပြုခြင်း

**ကုန်ကျမည့်ငွေ – ငွေအကြေးများ အလျှုဒါနပြုခြင်း**

**သက်ငယ်တန်း ပြိုင်ပွဲ (Junior comp)**
(၆ နှစ်မှ ၁၁ နှစ်အထိ) ညနေ ၆ နာရီတွင် စတင်သည်။

**သက်ကြီးတန်း ပြိုင်ပွဲ (Senior comp)**
(၁၂ နှစ်မှ ၁၇ နှစ်အထိ) ညနေ ၇.၄၅ နာရီတွင် စတင်သည်။

**ကျင်းပမည့်နေရာ –**
စတာလင် အများဆိုင် အားကစားနှင့် အနားယူစခန်းများ (Stirling Leisure Centres) - Herb Graham Recreation Centre - Mirrabooka

**တယ်လီဖုန်း** (08) 9205 7321
**ဝက်ဘ်ဆိုက်** www.stirling.wa.gov.au/beatball

### စတာလင် လူငယ်များအတွက် ကိုယ်စားပြု ဆောင်ရွက်ပေးသူများ (Stirling Youth Advocates)

စတာလင်မြို့တွင် နေထိုင်ကြသည့်အခြားသော လူငယ်များ၏ကိုယ်စား လူငယ်များ ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်လမ်းများ တိုးလာစေရန် စုပေါင်း အလုပ်လုပ်ပြီး ကိုယ်စားပြု ဆောင်ရွက်ပေးသည် လူငယ်တစ်စု ဖြစ်ကြပါသည်။

**အီးမေးလ်** familyservices@stirling.wa.gov.au

### အားကစား ကလပ်များ (Sports clubs)

အားကစားကလပ်တစ်ခုကို အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီး ကစားခြင်းသည် မိတ်ဆွေဖွဲ့ရန်နှင့် ကာယလေ့ကျင့်ခန်းလုပ်ရန် အလွန်ကောင်းသည့် နည်းလမ်းဖြစ်ပါသည်။

**ဝက်ဘ်ဆိုက်** www.stirling.wa.gov.au/clubs

### Edmund Rice Centre WA

လူငယ်များအား ပညာရေးဖြင့် အားတက်လာစေပြီး လူမှုအဖွဲ့အစည်းကို ဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်နေသည့် ကြိုဆိုလက်ခံရေးဌာန ဖြစ်သည်။ ဤဌာနသည် လူငယ်များကို အားကစားတွင် ပါဝင်လှုပ်ရှားစေရန် အစီစဉ်များ ပြုလုပ်ဆောင်ရွက်သည်။

**တယ်လီဖုန်း** (08) 9440 0625
**ဝက်ဘ်ဆိုက်** www.ercwa.org.au



# စည်းကမ်းဥပဒေများနှင့် သင့်ရပိုင်ခွင့် အခွင့်အရေးများကို နားလည်ခြင်း




စကော့ထ် ဂျော်န်ဆင်န် (Scott Johnson) သည် ဇနီးနှင့်အတူ ဩစတြေးလျားနိုင်ငံသို့ ၁၉၉၃ ခုနှစ်တွင် ရောက်လာခဲ့ပါသည်။ လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သော ရှေ့နေဖြစ်ကာ (Scott) သည် ယခင်က ပင်လယ်ရပ်ခြားမှ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရန်ပုံငွေထောက်ပံ့သည့် အပိုင်းတွင် အလုပ်လုပ်ခဲ့ပါသည်။ မြောက်ပိုင်း ဆင်ခြေဖုံးဒေသများ၏ လူမှုအဖွဲ့အစည်းဆိုင်ရာ ဥပဒေရေးရာဌာန (Northern Suburbs Community Legal Centre) တွင် အလုပ်လုပ်နေပြီး Scott ၏ အဓိက ရည်မှန်းချက်တစ်ခုမှာ အသစ်ရောက်လာသူများအား ဒေသဆိုင်ရာ ဥပဒေများ၊ သူတို့၏ ပြည်သူ့ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများကို သိရှိနားလည်ရန် အကူအညီပေးခြင်း ဖြစ်ပါသည်။

## စတာလင်မြို့ကို ရောက်ရောက်ခြင်း ပထမဦးဆုံး သတိပြုမိသည့်အရာ

စတာလင်မြို့ရဲ့ ထူးခြားချက်က အသစ်လာရောက်အခြေချသူတွေ အများကြီး ရှိတဲ့အတွက် လူမျိုးမတူ အတော်ဘဲ ကွဲပြားခြားနားကြတဲ့ လူမှုအဖွဲ့အစည်း ရှိခြင်း ဖြစ်ပါတယ်။ စတာလင်မြို့တော် မီရာဘွတ်ခါ တစ်ဝိုက်ဟာ သိကောင်းစရာ အချက်အလက်တွေ စုဆောင်းဖို့နဲ့ လူမှုအဖွဲ့အစည်းတွေကို တွေ့ဆုံဖို့ တကယ်စိတ်ဝင်စားစရာကောင်းတဲ့ နေရာပါ။ ကျနော်တို့ မီရာဘွတ်ခါမှာ စာကြည့်တိုက်ရှိပြီး ရှော့ပင်းစင်တာနဲ့နီးတယ်၊ ပြီးတော့ လူမှုအဖွဲ့အစည်းတွေအားလုံးရဲ့ ဆုံစည်းရာ ဝင်ရိုးဖြစ်ပါတယ်။

## အသစ်ရောက်လာသူတွေကို ဒေသရဲ့ စည်းကမ်းဥပဒေတွေ သိရှိနားလည်ဖို့ အကူအညီပေးခြင်း

ကျနော်က အမြတ်အစွန်းမယူတဲ့ လူမှုအဖွဲ့အစည်းဆိုင်ရာ ဥပဒေရေးရာဌာနမှာ အလုပ်လုပ်တာမို့ စတာလင်မြို့တော် စည်ပင်သာယာရေးအဖွဲ့အပါအဝင် ဒေသခံ အဖွဲ့အစည်းတွေနဲ့ မကြာမကြာ တွဲပြီး အလုပ်လုပ်ကြရပါတယ်။ ကျနော်တို့ဟာ အသစ်ရောက်လာကြတဲ့သူတွေ အများကြီးအတွက် လူမှုအဖွဲ့အစည်းဆိုင်ရာ ပညာရေး လှုပ်ရှားမှုတွေ အတော်လုပ်ရပါတယ်၊ TAFE ကျောင်းတွေ၊ ဒေသမှာရှိတဲ့ လူမျိုးစု အဖွဲ့အစည်းတွေနဲ့ အသစ်ရောက်လာတဲ့သူ အဖွဲ့တွေနဲ့ပါ။ ဩစတြေးလျားကို ရောက်လာကြတဲ့ ပြောင်းရွှေ့အခြေချသူ လူသစ် အတော်များများက အထူးသဖြင့် အင်္ဂလိပ်စကား များများ မပြောတတ်ခဲ့ရင် အခက်အခဲများစွာ ကြုံကြရတာကို ကျနော်တို့ နားလည်ထားတဲ့အတွက် လူမှုအဖွဲ့အစည်းကို ကျနော်တို့ အတတ်နိုင်ဆုံး အကူအညီပေးပါတယ်။ သူတို့မှာ မကြာမကြာ ကြမ်းတမ်းတဲ့ဘဝ ကြုံခဲ့ကြရပြီး မတူတဲ့ ဥပဒေတွေ တစ်စုံ ရှိတဲ့ ဩစတြေးလျားကို ရောက်လာပြန်တော့ တော်တော် အခက်အခဲ တွေ့ကြလိမ့်မယ်ဆိုတာ ကျနော်တို့ နားလည်ပါတယ်။ ဒါကြောင့် ကျနော်တို့က လူသစ်တွေကို နောင်ပြဿနာတွေကို ရှောင်နိုင်အောင် သူတို့ကို စောစောစီးစီး တွေ့ဖို့ ကြိုးစားပါတယ်။ ဥပမာအားဖြင့် မိသားစုတစ်ခုဟာ အိမ်ငှားနေတာနဲ့ပတ်သက်ပြီး ပြဿနာဖြစ်ခဲ့ရင် ဒါမှမဟုတ် အိမ်ခြေရာမဲ့ ဖြစ်ခဲ့ရရင် ဒါဟာ မိသားစုတည်ငြိမ်မှုကို ပျက်ပြားစေနိုင်ပါတယ်။ ကျနော်တို့က ဥပဒေရေးရာ သိကောင်းစရာတွေနဲ့ အကူအညီတွေ ပေးချင်ပါတယ်။

## အသစ်ရောက်လာသူများအတွက် ကျနော့်ရဲ့ အကြံပေးချက်

ဩစတြေးလျားနိုင်ငံကို အသစ်ရောက်လာသူတွေအတွက် မျှော်လင့်ချက် ထားကြရပါမယ်။ အချိန်တော့ ပေးရပါလိမ့်မယ် ဒါပေမဲ့ အတတ်နိုင်ဆုံး များများ လေ့လာကြပါ၊ ပြီးတော့ အများနဲ့ တတ်နိုင်သမျှ ဆက်သွယ် ပြောဆိုကြပါ။ ဒါကတော့ ယေဘုယျအားဖြင့် ခြုံပြောတာပါ၊ ဒါပေမဲ့ ဒီမှာ ဥပဒေတွေက နေခဲ့တဲ့နိုင်ငံနဲ့ မတူပါဘူး၊ ကျနော်တို့ဆီက လူမှုပတ်ဝန်းကျင်မှာ ခင်ဗျားတို့ လာခဲ့တဲ့နိုင်ငံတွေကနဲ့ မတူတဲ့အရာတွေ ရှိကြတယ်၊ ဒါပေမဲ့ ခင်ဗျားတို့ သည်းခံရမယ်၊ ဖွဲလုံ့လရှိရပါမယ်။ ခင်ဗျားတို့ လေ့လာသင်ယူနိုင်တယ်၊ ရှေ့ဆက်သွားနိုင်တယ်ဆိုတာ ကိုယ့်ဘာသာ သိကြပါတယ်။ တကယ်ဘဲ အခက်အခဲတွေကို ကျော်လွှားပြီး အိမ်တွေဝယ်ကြ၊ မိသားစု တည်ထောင်ကြ၊ ကျောင်းတွေ တက္ကသိုလ်တွေ တက်ကြနဲ့၊ ကျနော်တို့ အဲဒီလိုလူတွေ အများကြီးတွေ့ခဲ့ရဘူးပါတယ်။

## ဝန်ဆောင်မှုများ

ကိုယ်တိုင် အခြေချနေထိုင်ရေးတွင် အကူအညီဖြစ်စေရန်အတွက် လူမှုအဖွဲ့အစည်းဝင်တစ်ယောက်အနေနှင့် ဒေသဆိုင်ရာ စည်းကမ်းဥပဒေများနှင့် ရပိုင်ခွင့် အခွင့်အရေးများကို နားလည်အောင် ကြိုးစားပါ။

### သြစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ် ဥပဒေအကျိုးဆောင်မှုအတွက် အစိုးရ၏ အထောက်အပံ့ဆိုင်ရာရုံး (Legal Aid WA)

ဥပဒေအကျိုးဆောင်မှုအတွက် အစိုးရ၏ အထောက်အပံ့ဆိုင်ရာ အကြီးဆုံး ဝန်ဆောင်မှု ပံပိုးသူဖြစ်သည်။

**တယ်လီဖုန်း** 1300 650 579
**ဝက်ဘ်ဆိုက်** www.legalaid.wa.gov.au

### မြောက်ပိုင်း ဆင်ခြေဖုံးဒေသများ၏ လူမှုအဖွဲ့အစည်းဆိုင်ရာ ဥပဒေရေးရာဌာန (Northern Suburbs Community Legal Centre)

ချို့ငဲ့သောသူများနှင့် ဝင်ငွေနည်းသူများအတွက် ဥပဒေအကျိုးဆောင်မှု ရယူအသုံးပြုနိုင်ရေး အကူအညီပေးရန် ရည်ရွယ်ချက်ထားရှိသော ဥပဒေအကျိုးဆောင်မှုအဖွဲ့

**တယ်လီဖုန်း** (08) 9440 1663
**ဝက်ဘ်ဆိုက်** www.nsclegal.org.au

### သြစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ် အိမ်၊တိုက်ခန်း ငှားရမ်းခြင်း (Tenancy WA)

အိမ်၊တိုက်ခန်း ငှားရမ်းခြင်းဆိုင်ရာ ပြဿနာများ ဖြေရှင်းရာတွင် အကူအညီပေးရန်နှင့် အိမ်၊တိုက်ခန်း ငှားရမ်းသူများ မိမိတို့၏ ရပိုင်ခွင့် အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို နားလည်ရန် အကြံဉာဏ်များ ပေးသည်။

**တယ်လီဖုန်း** (08) 9221 0088
**ဝက်ဘ်ဆိုက်** www.tenancywa.org.au

### အရေးပေါ် တယ်လီဖုန်းခေါ်ခြင်း ဝန်ဆောင်မှု - ရဲတပ်ဖွဲ့၊ လူနာတင်ယာဉ်၊ မီးသတ် (Emergency Call Service – Police, Ambulance, Fire Brigade)

| | |
|---|---|
| **အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေများအတွက်တယ်လီဖုန်း** | 000 |
| **ဥပဒေချိုးဖောက်ခြင်းများကို 1800 333 000 သို့ မိမိအမည်ကိုဖေါ်ပြခြင်းမရှိဘဲဖုန်းဆက်ခြင်း** | 1800 333 000 |
| **ပြည်နယ်၏အရေးပေါ်အခြေအနေဝန်ဆောင်မှုအတွက် တယ်လီဖုန်း** | 132 500 |



# ဘာသာပြန်ခြင်းများ

ဤ အသစ်ရောက်လာသူအတွက် လမ်းညွှန် စာစောင်ကို ဘာသာစကားအမျိုးမျိုးဖြင့် ဘာသာပြန်ထားပါသည်။ ထိုဘာသာစကားများမှာ –

– အာရပ်

– မြန်မာ

– တရုပ်

– ဒါရီ

– ဖာရ်စီ

– ဟင်ဒီ

သင်ပိုမိုလိုလားသော ဘာသာစကားဖြင့် မိတ္တူတစ်စောင်ရလိုပါက ကျေးဇူးပြု၍ ဝန်ဆောင်မှုယူသူများ ဆက်သွယ်ရန်ရုံး (Customer Contact Centre) ကို ဆက်သွယ်ပါ။

**တယ်လီဖုန်း** (08) 9205 8555
**အီးမေးလ်** stirling@stirling.wa.gov.au

